၎င်းက "ဆိုးဝါးတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုဆိုတာ ပြည်သူတွေထိခိုက်တာအပြင် ပုံမှန်ဘဝမှာပါ လုပ်ကိုင်စားသောက်နိုင်တဲ့ပုံစံမရှိအောင် တွန်းပို့ရာရောက်တာပါ။ ဒါဟာ ဝတ်မွတ်ခေါင်းပါးခြင်း၊ အနာဂတ်မျိုးဆက်တွေရဲ့ ပညာရေး၊ ကျန်းမာရေးကိုပါ ထိခိုက်သွားတဲ့အတွက် တနည်းအားဖြင့် ပြစ်မှု မြောက်ပါတယ်။ ဒီဖြစ်စဉ်တွေကို ကြည့်ခြင်းဖြင့် နောက်ပိုင်း ဒီအမှုတွေဟာ ယုတ်လျော့သွားခြင်းမရှိဘဲ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ပိုမိုဆိုးရွားလာစေရင် ဂျီနိုဆိုက်အထိ ဖြစ်လာနိုင်ပါတယ်။"ဟု ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် စစ်ကောင်စီမှ ကျူးလွန်သည့် လုပ်ရပ်များအား ခွင့်လွှတ်ပေး၍မရဘဲ ဥပဒေကြောင်း အရသော် လည်းကောင်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် တရားမျှတမှုဖော်ဆောင်သွားမည်ဖြစ်ပြီး ကရင်နီလူ့ အခွင့်အရေးအဖွဲ့ အနေဖြင့် ဖြစ်စဉ်များအား ပုံမှန်လေ့လာသုံးသပ် ထုတ်ပြန်ချက်များထုတ်၍ ယခုကဲ့သို့ စစ်ဘေးရှောင်နေရာများသို့ လက်နက်ကြီးပစ်ခတ်မှုများအားလည်း ရှုတ်ချကြောင်း (KnHRG)၏ ဒါရိုက်တာ ဦးဗညားက ဆက်ပြောသည်။

ကရင်နီပြည်နယ်တစ်ခုလုံး အတိုင်းအတာအနေဖြင့် စစ်ရှောင်စခန်းများတွင် လက်နက်ကြီးကျရောက်ခဲ့သည့် အကြိမ်အရေအတွက်အား အရပ်ဘက်အဖွဲ့များအနေဖြင့် စနစ်တကျကောက်ယူရန် လက်လှမ်းမမှီ သေးသော် လည်း ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလအတွင်း စစ်ဘေးရှောင်စခန်းများသို့ လက်နက်ကြီးပစ်ခတ် ကျရောက်မှု (၁၅)ကြိမ်ဖြစ်ပွားခဲ့ ပြီး ဒေသခံ(၃)ဦးသေဆုံးကာ (၁၃)ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟု KnHRG က ပြောသည်။

https://kicnews.org/2023/01/စစ်ကောင်စီ-လက်နက်ကြီးက-2/

----------------------------------------------------------------------------------------------------

## ရွှေကုက္ကိုလ်မြို့သစ်မှ အထောက်အထားမဲ့ တရုတ်နိုင်ငံသားများ လက်နက်ဖြင့် အစစ်အဆေးမရှိ သွားလာနေ

**ဇန်နဝါရီလ ၁၈ ရက်၊ ၂၀၂၃ ခုနှစ်။ ကေအိုင်စီ**



Photo: CJ

တရုတ်စာသား နံပါတ်ပါ ကားများဖြင့် လက်နက်များကိုင်ဆောင်ထားသည့် ရွှေကုက္ကိုလ်မြို့သစ်မှ အထောက်အထားမဲ့ တရုတ်နိုင်ငံသားများသည် မြဝတီမြို့တွင် အစစ်အဆေးမရှိသွားလာနေကြောင်း မြို့ခံများက ကေအိုင်စီသို့ ပြောသည်။

ရွှေကုက္ကိုလ်မြို့သစ်ရှိ ကာစီနိုလုပ်ငန်းများမှ အထောက်အထားမဲ့ တရုတ်နိုင်ငံသားများသည် ယခုတလော တရုတ်စာသားနံပါတ်ပါယာဉ်များ စီနင်းကာ လက်နက်ကိုင်ဆောင်၍ မြဝတီမြို့တွင် သွားလာ နေထိုင်စားသောက် တည်းခိုနေမှုများအား စစ်ကောင်စီတပ်ဖွဲ့များမှ တားမြစ်စစ်ဆေးခွင့်မရှိ ခွင့်ပြုသွားလာခွင့်ရနေကြောင်း မျက်မြင်တွေ့ရှိသူ မြဝတီမြို့ခံတစ်ဦးက ယခုလိုပြောသည်။

"သူတို့က လက်နက်တွေနဲ့ သက်တော်စောင့်ပုံစံ လက်နက်ကိုင်တွေ သုံးလေးယောက်ပါတယ်ဆိုတော့ အခုစစ်တပ်စစ်ဆေးတဲ့ ဂိတ်တွေဆိုလည်း အဲဒီရွှေကုက္ကိုလ် တရုတ်ကားနံပါတ် တံဆိပ်ပါတဲ့ကားတွေ ဆိုမစစ်ဆေးဘူး။ မြို့က စစ်တပ်ကသာ လှည့်ပတ်နေတာ တရုတ်အထောက်အထားမဲ့ရောက်လာပြီး နေထိုင်သွားလာ မူးရူးနေတာတွေကို ဘာမှမလုပ်ရဲကြဘူး။" ဟု ကေအိုင်စီသို့ ပြောသည်။

ရွှေကုက္ကိုလ်မြို့သစ် စီမံကိန်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ-NLD အစိုးရ လက်ထက်တွင် ရပ်ဆိုင်းထားသည့် စီမံကိန်းဒေသအဖြစ် သတင်းထွက်ပေါ်ခဲ့သော်လည်း လက်ရှိ စစ်တပ် အာဏာ သိမ်းဖြစ်စဉ် ပြီးနောက်ပိုင်းတွင် ရပ်ဆိုင်းသွားခြင်းမရှိဘဲ ဆက်လက် လုပ်ဆောင် လည်ပတ်နေဆဲဖြစ်သည်ဟု ဒေသခံများက ပြောသည်။



Photo: CJ

ထိုမြို့သစ်မှ ကာစီနိုလုပ်ငန်းများ၊ ဇိမ်ခံလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားလုပ်ငန်းများတွင် အထောက်အထားမဲ့ နိုင်ငံခြားသားများ လာရောက်အလုပ်လုပ်ကိုင်နေမှုနှင့် ထိုင်း-မြန်မာနယ်စပ်သို့ တရားမဝင်ဖြတ်ကျော်ဝင်ရောက်ကာ လောင်းကစား၊ အပျော်အပါးလာရောက်သူများ အများအပြားဝင်ထွက်သွားလာလျက်ရှိကြောင်း နီးစပ်သူများကဆိုသည်။

"အခုဆို ရွှေကုက္ကိုလ်က စည်ကားနေရော။ သူ့နေရာ သူ့အုပ်ချုပ်မှု သူ့စည်းကမ်း၊သူ့နေရာ ဝင်ထွက်သွား လာခွင့်ကဒ်၊ သူ့ဒေသ ကားနံပါတ်တွေနဲ့ BGF က အုပ်ချုပ်လုပ်ကိုင်နေတာမျိုးပါ။ တရားမဝင် တရုတ် နိုင်ငံသားတွေ၊ တခြားနိုင်ငံသားတွေအများကြီး ရှိနေတယ်။ မြန်မာတွေ၊ ကရင်တွေကတော့

အောက်ခြေ သိမ်းအလုပ်တွေ၊ လက်သမား၊ ပန်းရံအလုပ်တွေ ဝင်ငွေကောင်းနေကြတော့ လာနေကြတာ အများကြီးပဲ။ အိမ်ငှားခြံငှားတွေလည်း အလုပ်ဖြစ်ကြတယ်။ ပြည်မမှာ ခေတ်ပျက် နေပေမယ့် ရွှေကုက္ကိုလ်မှာတော့ သီးခြားစည်ကားနေတယ်လို့ ပြောရမှာပဲ။”ဟု ကာစီနိုဆောက်လုပ်ရေးလုပ်ငန်း တစ်ခုတွင် ဝင်ရောက်လုပ်ကိုင်နေသူတစ်ဦးက ကေအိုင်စီသို့ ပြောသည်။

အဆိုပါ ရွှေကုက္ကိုလ် မြို့သစ်စီမံကိန်းဟု နာမည်တပ်လုပ်ကိုင်နေသည့် ကာစီနိုလုပ်ငန်းများတွင် တရုတ်နိုင်ငံသားများအပြင် ထိုင်းနိုင်ငံသားနှင့် အခြားနိုင်ငံခြားသားအများအပြား လာရောက်နေထိုင် အလုပ်လုပ်ကိုင်နေကြကြောင်းနှင့် ၎င်းရွှေကုက္ကိုလ် မြို့သစ်သို့ စစ်ကောင်စီအကြီးအကဲများ ၎င်းတို့ သားသမီးများလည်း လာရောက်လည်ပတ်၍ လောင်းကစားနှင့် ပျော်ပါးမှုများ မကြာခဏ လာရောက် လေ့ရှိကြောင်း ဒေသခံသတင်းအရင်းအမြစ်များက ဆိုသည်။

[https://kicnews.org/2023/01/ရွှေကုက္ကိုလ်မြို့သစ်မ/](https://kicnews.org/2023/01/ရွှေကုက္ကိုလ်မြို့သစ်မ/)

---------------------------------------------------------------------------------------------------------

## ပုဏ္ဏားကျွန်းမှာ စစ်ကောင်စီတပ်နဲ့ AA စစ်သုံ့ပန်းချင်းလဲလှယ်

RFA Burmese | 2023.01.18



ရက္ခိုင့်တပ်တော် AA တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။ ရက္ခိုင့်တပ်တော် - သတင်းနှင့် ပြန်ကြားရေးဌာန

ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်က ကွမ်းတောင်ရွာနားမှာ စစ်ကောင်စီတပ်နဲ့ ရက္ခိုင့် တပ်တော် (AA) တို့ ဇန်နဝါရီလ ၁၅ ရက် နေ့လယ်နှစ်နာရီဝန်းကျင်က စစ်သုံ့ပန်းချင်း လဲလှယ်ခဲ့တယ်လို့ ဒေသခံတွေက RFA ကို ဒီနေ့ ပြောပါတယ်။

စစ်ကောင်စီဘက်က ထိန်းသိမ်းထားတဲ့ AA တပ်ဖွဲ့ဝင်နှစ်ဦးနဲ့ AA က ထိန်းသိမ်းထားတဲ့ စစ်ကောင်စီရဲ့ ရဲတပ်ဖွဲ့ဝင် ငါးဦးတို့ကို လဲလှယ်ခဲ့တာလို့ လုံခြုံရေးအရ အမည်မဖော်လိုတဲ့ ကိုယ်တိုင်တွေ့ခဲ့သူ ဒေသခံတစ်ဦးက RFA ကို ပြောပါတယ်။

**“ဒီဘက်က AA က ဖမ်းထားတာ ငါးယောက်၊ အကုန်လုံး ရဲတွေပဲ။ တပ်ကြပ်ပါတယ်၊ နောက်ပြီး ဒုရဲအုပ်ပါတယ်။ နောက်ထပ်သုံးယောက်က ဒုတပ်ကြပ်ရယ်၊ တပ်သားတွေ ရယ်။ AA ဘက်ကတော့ နှစ်ယောက်ပေါ့”**

နှစ်ဖက်စလုံးက ကားနှစ်စီးစီနဲ့ ကွမ်းတောင်ရွာနားမှာတွေ့ဆုံပြီး စစ်သုံ့ပန်းတွေကို လဲလှယ် ခဲ့ကြတာလို့ ဒေသခံက ဆိုပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး စစ်ကောင်စီဘက်ကရော AA ဘက်ကပါ တစ်စုံတစ်ရာ သတင်း ထုတ်ပြန်တာ မရှိသေးပါဘူး။

AA ပြောခွင့်ရသူ ဦးခိုင်သုခကို RFA က ဆက်သွယ်မေးမြန်းဖို့ ကြိုးစားခဲ့ပေမယ့် အဆက် အသွယ်မရသေးပါဘူး။

ပြီးခဲ့တဲ့ ဇန်နဝါရီလ ၃ ရက်နေ့ကလည်း အဲဒီကွမ်းတောင်ရွာနားမှာပဲ စစ်သုံ့ပန်းချင်း လဲလှယ်ခဲ့ကြပြီး နှစ်ဖက် ဗိုလ်မှူးအဆင့်တစ်ဦးစီနဲ့ တပ်သားတချို့ပါဝင်တယ်လို့ ဒေသခံတွေက RFA ကို ပြောပါတယ်။

ပုဏ္ဏားကျွန်းမြို့နယ်မှာ ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်နေ့ကလည်း အခုလိုပဲ သုံ့ပန်းချင်းလဲလှယ်ခဲ့ပြီး AA ကတော့ သူတို့ဖမ်းဆီးထားတဲ့ စစ်သားနဲ့ ရဲ ၁၅ ဦးကို ပြန်လွှတ်ပေးခဲ့ပါတယ်။

ရခိုင်ပြည်နယ်မှာ တစ်ကျော့ပြန်တိုက်ပွဲအတွင်း AA နဲ့ ဆက်စပ်တယ်ဆိုပြီး စစ်ကောင်စီ တပ်က ဖမ်းဆီးထားတဲ့ ဒေသခံ တစ်ရာနီးပါးရှိပြီး မတရားအသင်းဆက်သွယ်မှု ပုဒ်မ ၁၇ (၁)၊ (၂)၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က) တွေနဲ့ တရားစွဲခံထားရပါတယ်။

ဖမ်းဆီးတရားစွဲခံထားရတဲ့သူတွေထဲက ခုနစ်ဦးကို ဇန်နဝါရီလအတွင်းမှာ စစ်ကောင်စီ ဘက်က ပြန်လွှတ်ပေးခဲ့ပေမယ့် ကျန်တဲ့သူတွေကတော့ လွတ်မြောက်လာတာ မရှိသေး ပါဘူး။

https://www.rfa.org/burmese/news/junta-aa-prisoner-01182023053016.html

-----------------------------------------------------------------------------------------------

## မြောက်ဦးတွင် လူငယ် ၁ ဦး မိုင်းနင်းမိပြီး ခြေတဖက်ပြတ်

Published By DVB | 18 January, 2023



ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ခမရ ၃၇၈ တပ်ရင်းအနီးရှိ တောင်မှာ ထင်းသွားခုတ်တဲ့ လူငယ်တဦး မိုင်းနင်းမိပြီး ညာဘက်ခြေတဖက်ပြတ်သွားကာ ဒဏ်ရာအပြင်းအထန် ရရှိခဲ့တယ်လို့ မြောက်ဦးမြို့ခံတွေက ပြောပါတယ်။

မြောက်ဦးမြို့နယ် နာဒင်ကျေးရွာက ကိုကျော်ဆန်း (၂၄ နှစ်)ဟာ ဇန်နဝါရီ ၁၈ ရက် နေ့လယ်ပိုင်းက ခမရ ၃၇၈ တပ်ရင်းအနီးက တောင်မှာ ထင်းသွားခုတ်ရင်း မြေမြှုပ်မိုင်းနင်းမိတာလို့ မြောက်ဦးဒေသခံ ကူညီဆောင်ရွက်ပေးခဲ့သူ တဦးက ပြောပါတယ်။

"သူက ထင်းသွားခုတ်တာလို့ သိရတယ်။ အဲဒီမှာ မိုင်းနင်းမိတာဖြစ်တယ်။ ညာဘက်ခြေက လုံးဝပြတ်သွားတယ်။ ဘယ်ဘက်ခြေလည်း ထိခိုက်ဒဏ်ရာတွေ ရသွားတယ်။ ဒဏ်ရာက တော်တော်လေးကို ပြင်းတယ်။ အခု မြောက်ဦးပြည်သူ့ဆေးရုံကြီးမှာ အရေးပေါ် ဆေးကုသမှု ခံယူနေရတယ်။"

ပြီးခဲ့တဲ့ စက်တင်ဘာလတုန်းကလည်း မြောက်ဦးမြို့ မင်းသားကျွန်းတံတိုင်းအနီးရှိ တောင်မှာ မှိုသွားခူးတဲ့ လူငယ်တဦး မြေမြှုပ်မိုင်းထိပြီး ခြေနှစ်ဖက်လုံးပြတ်ခဲ့ကာ ဆေးရုံမှာ ဆေးကုမှုခံနေရင်း သေဆုံးခဲ့ပါတယ်။

ရခိုင်ပြည်နယ်က မြို့နယ်တချို့နဲ့ ပလက်ဝမြို့နယ်မှာ ဒေသခံတွေ မကြာခဏဆိုသလို မိုင်းနင်းမိတာကြောင့် ကိုယ်လက်အင်္ဂါ ဆုံးရှုံးတာ ရှိနေပြီး အသက်သေဆုံးမှုတွေလည်း ရှိနေပါတယ်။

ရခိုင်ပြည်နယ်မှာ ၂၀၂၂ ခုနှစ်အတွင်း မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးသူ ၁၀ ဦးထက်မနည်း ရှိခဲ့ ပြီး ဒဏ်ရာရရှိသူ ၃၀ ကျော်အထိ ရှိပါတယ်။

https://burmese.dvb.no/archives/574195

-----------------------------------------------------------------------------------------------

## မောင်တောတွင် စားနပ်ရိက္ခာထောက်ပံ့မည့် အန်ဂျီအိုများ သွားလာခွင့်မရသဖြင့် ဒေသခံများ အခက်တွေ့

Published By DVB | 18 January, 2023

ရခိုင်ပြည်နယ်၊ မောင်တောမြောက်ပိုင်း ကြိမ်ချောင်း ၂၄ စစ်ဆေးဂိတ်မှာ စားနပ်ရိက္ခာထောက်ပံ့နေတဲ့ နိုင်ငံတကာ အန်ဂျီအို အဖွဲ့အစည်းတွေကို သွားလာခွင့် ပိတ်ထားဆဲ ဖြစ်တာကြောင့် အခက်တွေ့နေတယ်လို့ ဒေသခံတွေက ပြောပါတယ်။




မောင်တောမြောက်ပိုင်း ကျေးရွာသားတဦးက “ကျနော်တို့ မြောက်ပိုင်းက ကျေးရွာစုရပ်တွေကို ရိက္ခာထောက်ပံ့ဖို့ အိုင်အန်ဂျီအိုနဲ့ အန်ဂျီအိုအဖွဲ့တွေ လာလို့မရသေးဘူး။ ၂၄ စစ်ဆေးဂိတ်က ပိတ်ထားတယ်။ ကြိမ်ချောင်းကနေ သွားယူရတော့ သယ်ယူစရိတ်ကို အိုင်အန်ဂျီအိုအဖွဲ့တွေက ၂၀ ရာခိုင်နှုန်း ကျခံတယ်။ ကျနော်တို့ဆီက ၈၀ ရာခိုင်နှုန်းအထိ ကျခံနေရတော့ ဆင်းရဲတဲ့ပြည်သူတွေ စရိတ်မတတ်နိုင် ဖြစ်နေကြရတယ်” လို့ ပြောပါတယ်။

အရင်က အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) နဲ့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) တို့က မောင်တောမြောက်ပိုင်းရှိ ဝေးလံခေါင်ဖျားတဲ့ ဒေသတွေအထိ သွားရောက် ကူညီထောက်ပံ့ခွင့်ရခဲ့ပေမဲ့ လက်ရှိ ကြိမ်ချောင်း ၂၄ စစ်ဆေးဂိတ်က အဲဒီ မြောက်ပိုင်းကျေးရွာတွေအထိ သွားလာခွင့် မပြုသေးတာကြောင့် ကြိမ်ချောင်းကျေးရွာမှာ စုရပ်လုပ်ပြီး ရိက္ခာတွေ ထောက်ပံ့ ကူညီနေကြရတာလည်း ဖြစ်ပါတယ်။

ကြိမ်ချောင်းကျေးရွာကနေ ရိက္ခာတွေကို မိုင် ၄၀ ကျော် ၅၀ ဝေးလံတဲ့ ကျေးရွာအုပ်စုတွေဆီ သယ်ယူရာမှာ ကားတစီးငှားခ ကျပ် ၃ သိန်းအထိ ပေးနေရပြီး ကျေးရွာအုပ်စုတခုအတွက် ကား ၆ စီးငှားခ ကျပ် ၁၈ သိန်းအထိ ကုန်ကျမှုရှိနေရာ အဲဒီခရီးစရိတ်ကို အိုင်အန်ဂျီအိုအဖွဲ့တွေက ၂၀ ရာခိုင်နှုန်းသာပေးပြီး ကျန် ၈၀ ရာခိုင်နှုန်းကို ဒေသခံတွေ စုပေါင်းကျခံနေကြရကြောင်း ကျေးရွာအုပ်စု ဒေသခံတွေဆီက သိရပါတယ်။

ရိက္ခာထောက်ပံ့မှု ၈ လအထိ လုံးဝမရရှိတဲ့ ကျေးရွာတွေကတော့ တောင်ပြို၊ နံသာတောင်၊ သဘော်လှ၊ မီးတိုက်၊ သာယာကုန်း၊ တရိမ်း၊ လိပ်ရဲ၊ ကျောက်ချောင်း၊ စျီးပင်ချောင်း၊ ရေတွင်းပြင် စတဲ့ကျေးရွာ ၁၁ ရွာဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇွန်လကစလို့ ၂၀၁၃ ခု ဇန်နဝါရီ ၁၇ ရက်အထိ ရိက္ခာထောက်ပံ့မှု မရရှိတာကြောင့် စားဝတ်နေရေး အခက်အခဲတွေနဲ့ တွေ့ကြုံနေကြရတယ်လို့ ကျေးရွာဒေသခံတွေက ပြောပါတယ်။

မီးတိုက်ကျေးရွာသားတဦးက “ကျနော်တို့ စားဝတ်နေရေး အတော်အခက်အခဲ ဖြစ်နေကြတယ်။ ရိက္ခာထောင်ပံ့မှု မရကြတာ ၇ လပိုင်းကတည်းက လုံးဝမရသေးဘူး။ ၉ လပိုင်းမှာ မီးတိုက်ကျေးရွာမှာ တိုက်ပွဲတွေဖြစ်တာနဲ့ သွားလာလို့မရခဲ့ကြဘူး။ အခု အပစ်အခတ် ရပ်ထားတော့လည်း ရိက္ခာထောက်ပံ့မှု မရတော့ ဒေသခံတွေ စားဝတ်နေရေး အလွန်အခက်အခဲ ဖြစ်နေရတယ်” လို့ ပြောပါတယ်။

ရခိုင်ပြည်နယ် (မြောက်ပိုင်း) မှာ UNHCR နဲ့ မိတ်ဘက်အဖွဲ့အစည်းတွေ ၂၀၂၂ ခုနှစ် စက်တင်ဘာလကစပြီး ရိက္ခာဖြန့်ဝေမှုလုပ်ငန်းတွေ ခေတ္တဆိုင်းငံ့ထားခဲ့ပါတယ်။

ဇန်နဝါရီ ၁၀ ရက်ကစပြီး ပဋိပက္ခဒဏ်ခံစားနေရတဲ့ လူမှုအသိုင်းအဝန်းတွေဆီကို အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းတွေ ဖြန့်ဝေတဲ့လုပ်ငန်း ပြန်လည်ဆောင်ရွက်နေပြီလို့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာအေဂျင်စီက သတင်းထုတ်ပြန်ထားပေမဲ့ အထောက်အပံ့မရတဲ့ ကျေးရွာတွေရှိနေပါသေးတယ်။

https://burmese.dvb.no/archives/574148

-----------------------------------------------------------------------------------------------

## စစ်အာဏာသိမ်း ၂ နှစ်ခန့်အတွင်း ပြည်သူ ၂,၇၄၉ ဦး သတ်ဖြတ်ခံရပြီး ၁၃,၆၀၀ ကျော် ဖမ်းဆီးခံထားရ

Published By DVB | 18 January, 2023




မြန်မာနိုင်ငံမှာ အာဏာသိမ်း ၂ နှစ်နီးပါးအကြာ စစ်ကောင်စီတပ်တွေ အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှုတွေကြောင့် နိုင်ငံတဝန်း အပြစ်မဲ့ကျဆုံးပြည်သူ ၂,၇၄၉ ယောက်နဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူပေါင်း ၁၇,၃၈၁ ယောက်ထိ ရှိလာခဲ့ပြီဖြစ်တယ်လို့ အေအေပီပီက ထုတ်ပြန်ထားပါတယ်။ ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်အထိ အေအေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ် ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၁၃,၆၀၇ ယောက် လက်ရှိ ချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက ၂,၁၄၁ ယောက်ကတော့ ထောင်ဒဏ် ချမှတ်ခံထားရပါတယ်။

တော်လှန်ရေးနဲ့ဆက်စပ်ပြီး သေဒဏ်ချမှတ်ခံထားရကာ အကျဉ်းထောင်တွေထဲ ထိန်းသိမ်းခံနေရသူ အရေတွက်ကတော့ အယောက် ၁၀၀ ရှိနေပြီး မျက်ကွယ် သေဒဏ်ချမှတ်ခံထားရသူ ၄၂ ယောက် အပါအဝင် ၁၂ ယောက်ကတော့ မျက်ကွယ်ပြစ်ဒဏ် ချမှတ်ခံထားရတာကြောင့် သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၁၄၂ ယောက် ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

လတ်တလောအချိန်ထိ အာမခံနဲ့လွှတ်မြောက်သူ ၂၄ ယောက်ရှိပြီး ပြန်လည်လွှတ်မြောက်လာသူ ဦးရေကတော့ ၃,၇၅၀ ယောက် ရှိခဲ့တယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၆ ရက် ည ၈ နာရီဝန်းကျင်က ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့၊ ကောင်းဆောင်ကျေးရွာကို ဖယ်ခုံမြို့အခြေစိုက် ၄၂၁ အမြောက်တပ်ရင်းက လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့ရာ အဆိုပါလက်နက်ကြီးကျည်ဟာ ကျေးရွာအတွင်းက စစ်ဘေးရှောင်တွေရှိတဲ့ နေရာကို ကျရောက်ပေါက်ကွဲခဲ့တာကြောင့် စစ်ဘေးရှောင်တယောက်ဖြစ်တဲ့ မူလင်း သေဆုံးခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင် တခြားစစ်ဘေးရှောင် အမျိုးသား ၂ ယောက်လည်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့တယ်လို့ ဆိုပါတယ်။ သေဆုံးခဲ့တဲ့ မူလင်းကတော့ ဒုန်းဒူထန်ကျေးရွာကနေ ကောင်းဆောင်ကျေးရွာကို စစ်ဘေးရှောင်လာသူဖြစ်တယ်လို့ အေအေပီပီက ဆိုပါတယ်။

ဒါ့အပြင် ဇန်နဝါရီ ၁၆ ရက် တရက်တည်းမှာပဲ ည ၉ နာရီခွဲက မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊ ဘုန်းဇင်ဈေးအနီးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်ခိုင်ရဲ့နေအိမ်ကို အကြမ်းဖက်စစ်အုပ်စုတပ်က ဝင်ရောက်စီးနင်းခဲ့ပြီး ဦးဝင်းမြင့်ခိုင်နဲ့ သားဖြစ်သူ ကိုခိုင်သီဟ၊ သူတို့အိမ်မှာနေကြတဲ့ အရပ်သား ၂ ယောက်ကိုပါ ဖမ်းဆီးခေါ်ဆောင်သွားခဲ့တယ်လို့ သိရပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေ စတဲ့ နယ်ပယ်အသီးသီးက ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့လည်းကောင်း၊ နွေဦးတော်လှန်ရေးကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကိုလည်းကောင်း သိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒါ့အပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီး အချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/574211

----------------------------------------------------------------------------------------------------

## တရက်တည်း စစ်ကောင်စီအကြမ်းဖက်တပ်ဖွဲ့ဝင်အယောက် ၂၀ ကျော်သေဆုံးဟု NUG ပြော

Published By DVB | 18 January, 2023



ဇန်နဝါရီ ၁၇ ရက် မနေ့ကတရက်တည်း ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေမှာ စစ်ကောင်စီ အကြမ်းဖက်တပ်ဖွဲ့ဝင်အယောက် ၂၀ ကျော် သေဆုံးခဲ့တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်ပါတယ်။

အခုထုတ်ပြန်ထားတဲ့ အချက်အလက်ဟာ မြေပြင်အခြေအနေမှာ ပိုများနိုင်ပြီး တရက်တည်း ထိခိုက်ဒဏ်ရာ ရရှိတဲ့သူ အရေအတွက်ကတော့ ၅ ယောက်ထိ ရှိခဲ့တယ်လို့ ဆိုပါတယ်။

မြေပြင်တိုက်ပွဲတွေ ပြင်းထန်နေတဲ့ စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်မှာ အကြမ်းဖက်စစ်ကောင်စီမော်တော်ယာဉ် ၅ စီးကို PDF တပ်ဖွဲ့က မိုင်းဆွဲတိုက်ခိုက်ခဲ့တာကြောင့် စစ်ကောင်စီတပ်ဖွဲ့ဝင် ၂ ယောက်သေဆုံးခဲ့ပြီး ပုလဲမြို့နယ်မှာတော့ စစ်ကောင်စီတပ်တွေနဲ့ PDF တပ်ဖွဲ့တွေကြား တိုက်ပွဲတွေ ပြင်းထန်ဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။

အရာတော်မြို့နယ်မှာတော့ တပ်စွဲထားတဲ့ အကြမ်းဖက်စစ်ကောင်စီတပ်တွေကို LDF က ဒရုန်းနဲ့ တိုက်ခိုက်ခဲ့တယ်လို့ ဆိုပါတယ်။

ချင်းပြည်နယ်၊ ဟားခါးမြို့နယ်မှာတော့ အကြမ်းဖက်စစ်ကောင်စီတပ်စခန်းကို CNA က သွားရောက်တိုက်ခိုက်ခဲ့လို့ စစ်ကောင်စီဘက်က ၃ ယောက်သေဆုံးပြီး ပလက်ဝမြို့နယ်မှာလည်း စစ်ကောင်စီစခန်းကို CNA နဲ့ CDF တို့က သွားရောက်တိုက်ခိုက်ခဲ့ကြတယ်လို့ သိရပါတယ်။

ဒါ့အပြင် မကွေးတိုင်း၊ မြိုင်မြို့နယ်မှာတော့ စစ်ကောင်စီ ရေနံမြေစခန်းကို တော်လှန်ရေး မဟာမိတ်အဖွဲ့က လက်နက်ကြီးနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ကြပြီး ရေစကြိုမြို့နယ်မှာတော့ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်တေ ကို PDF က ဒရုန်းနဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့တယ်လို့ ဆိုပါတယ်။

မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်မှာတော့ အကြမ်းဖက်စစ်ကောင်စီ စစ်ဆေးရေးဂိတ်ကို LDF က ဒရုန်းနဲ့ ဗုံးသီးကြဲတိုက်ခိုက်ခဲ့ပြီး ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်မှာတော့ စစ်ကောင်စီတပ်တွေနဲ့ KNDF တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် တနင်္သာရီတိုင်း၊ ပုလောမြို့နယ်မှာတော့ အကြမ်းဖက်စစ်ကောင်စီတပ်တွေနဲ့ PDF တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်က ၄ ယောက် သေဆုံးခဲ့တယ်လို့ ဆိုပါတယ်။

လတ်တလောမှာတော့ အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက် ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ်ဖြတ်နေမှုတွေကို ပြည်သူတရပ်လုံးက အသက်ရှင်သန်ရေး အတွက် ခုခံကာကွယ်ပိုင်ခွင့်အရ ပြည်သူ့ခုခံစစ်ကို ဆင်နွှဲနေကြပါတယ်။

NUG အစိုးရကတော့ ပြည်သူ့ခုခံတွန်းလှန်စစ်ပွဲ စတင်ခဲ့တဲ့ ၁ နှစ်အတွင်း အကြမ်းဖက် စစ်ကောင်စီဘက်က တပ်ဖွဲ့ဝင်ပေါင်း ၂၀,၁၅၀ ကျော်သေဆုံးကာ ဒဏ်ရာရသူ ၇,၀၀၀ ကျော်လောက်ရှိလာပြီး စစ်ကောင်စီ

စိုးမိုးအုပ်ချုပ်နိုင်တဲ့နေရာဟာ တိုင်းပြည် နယ်မြေအကျယ်အဝန်းရဲ့ ထက်ဝက်တောင် မရှိတော့ဘူးလို့ NUG ယာယီသမ္မတ ဒူဝါလရှီးလက ပြောကြားထားပါတယ်။

ပြည်သူ့ခုခံတော်လှန်စစ် ကြေညာခြင်း တနှစ်ပြည့် အထိမ်းအမှတ်အဖြစ် အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက နိုင်ငံတော်အခြေပြမိန့်ခွန်း ပြောကြားရာမှာ ထည့်သွင်းပြောဆိုခဲ့တာဖြစ်ပြီး ၁ နှစ်တာ ကာလအတွင်း ခန့်မှန်းခြေစာရင်းအရ PDF တွေနဲ့ မဟာမိတ် တိုင်းရင်းသား လက်နက်ကိုင် သူရဲကောင်းရဲဘော်တွေ စုစုပေါင်း ၁,၅၀၀ ကျော် ကျဆုံးခဲ့တယ်လို့လည်း သူက ပြောပါတယ်။

https://burmese.dvb.no/archives/574171

---------------------------------------------------------------------------------------------

## စစ်ကောင်စီ ကျင်းပမည့် ရွေးကောက်ပွဲ ရခိုင်လူထု စိတ်မဝင်စား

By ဧရာဝတီ | 18 January 2023

စစ်ကောင်စီက ယခုနှစ်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲအပေါ် ရခိုင်ပြည်နယ်လူထုအနေဖြင့် စိတ်ဝင်စားမှု မရှိကြောင်းဒေသခံများနှင့် လေ့လာစောင့်ကြည့်သူများက ပြောသည်။

စစ်ကောင်စီလက်အောက်ခံ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စသည့် စစ်ကောင်စီ လက်အောက်ခံဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ဇန်နဝါရီလ ၉ ရက်မှ စတင်ကာ ရခိုင်ပြည်နယ်အတွင်း မဲစာရင်းများ လိုက်လံကောက်ယူနေကြကြောင်း ဒေသခံများထံမှ သိရသည်။

ကျောက်ဖြူမြို့ခံ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဖိုးစံက "မဲစာရင်းကောက်တဲ့အထဲမှာတော့ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ထွေအုပ်စာရေးနဲ့ လဝက ဝန်ထမ်းတွေ ပါတယ်။ သူတို့ကတော့ အိမ်ထောင်စုရင်းနဲ့ မှတ်ပုံတင်တွေကို တောင်းပြီး အိမ်မှာရှိတဲ့ အိမ်ထောင်စုစာရင်းမှာရှိတဲ့လူနဲ့ မရှိတဲ့ လူတွေကို စာရင်းကောက်ယူသွားတယ်" ဟု ဧရာဝတီသို့ ပြောသည်။

ထိုသို့ မဲစာရင်းများကောက်ယူရာတွင် ပြီးခဲ့သည့် ရွေးကောက်ပွဲကာလများကဲ့သို့ စေတနာ့ ဝန်ထမ်းများလိုက်ပါ ဆောင်ရွက်မှုများ မရှိသလို ပြည်သူလူထုအနေဖြင့်လည်း စိတ်ဝင်စားမှု တစုံတရာမရှိကြောင်း ဒေသခံများက ကျောက်ဖြူမြို့ခံများက ပြောသည်။

အလားတူ ရသေ့တောင်မြို့နယ်တွင်လည်း စစ်ကောင်စီလက်အောက်ခံ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ထွေအုပ်ဝန်ထမ်းတို့ အနှောင့်အယှက် အတားအဆီး တစုံတရာမရှိဘဲ မဲစာရင်းများ ကောက်ယူနေသော်လည်း ပြည်သူ အများစုမှာ ရွေး ကောက်ပွဲထက် စစ်ကောင်စီနှင့် AA တို့၏ တိုက်ပွဲမှ ထွက်ပေါ်လာမည့် စစ်ရေး၊ နိုင်ငံရေးကိုသာ အာရုံစိုက်မှု ရှိကြောင်း ရသေ့တောင်မြို့နယ် ဒေသခံများက ပြောသည်။

မယူကမ်းဒေသဖွံ့ဖြိုးရေးအသင်း ဥက္ကဋ္ဌ ဦးမောင်စောဝင်းက "ရွေးကောက်ပွဲဖြစ်ရင်လည်း လူထုကတော့ စိတ်ဝင်စားမှု လုံးဝ မရှိတော့ဘူး။ No Vote သမားတွေ အဖြစ်များမယ်။ ရွေးကောက်ပွဲ ကျင်းပတယ်၊ မဲထည့်လိုက်တယ်။ နိုင်ငံရေး၊ စီးပွားရေး ဘာမှ တိုးတက်မလာတဲ့အခါ လူထုက ရွေးကောက်ပွဲကို ပြဿနာလို့သာ မြင်လာကြတယ်။ ရခိုင်လူထု စိတ်ဝင်စားတာက ရွေးကောက်ပွဲထက် စစ်တပ်နဲ့ AA တို့ရဲ့ တိုက်ပွဲက အခြေ ဘာထွက်လာမလဲ ဆိုတာပဲ စိတ်ဝင်စားတယ်" ဟု ဧရာဝတီသို့ ပြောသည်။

အာဏာသိမ်းစစ်ကောင်စီသည် လာမည့် ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပရန် ကြိုးစားလျက်ရှိသလို ရွေးကောက်ပွဲ စနစ်ကိုလည်း ယခင်နှစ်များကဲ့သို့ နိုင်သူအကုန်ယူစနစ်ကို ပြောင်းလဲကာ အချိုးကျ ကိုယ်စားပြု (PR) စနစ်ကို ပြောင်းလဲ ကျင့်သုံးရန် အားထုတ်လျက်ရှိသည်။

လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ စစ်တပ်သည် ရွေးကောက်ခံရန်မလိုဘဲ တပ်မတော်သား ၂၅ ရာခိုင်နှုန်းကို လွှတ်တော်အသီးသီးတွင် ထိုင်ခုံနေရာများ ယူထားပြီး ဖြစ်သလို PR စနစ်သည် ကြံ့ခိုင်ရေးပါတီက အမတ်များ လွှတ်တော် သို့ မဲအရေအတွက်အလိုက် အချိုးကျ တက်ခွင့်ရရှိမည့် စနစ်တခု ဖြစ်သည့်အတွက် စစ်တပ်ခေါင်းဆောင်များသည် နိုင်ငံ တော်အာဏာကို ဆက်လက် ရယူရန် ကြိုးပမ်းလုပ်ဆောင်နေခြင်းဖြစ်ကြောင်း နိုင်ငံရေး လေ့လာစောင့်ကြည့်သူများ က ပြောသည်။

ယင်းပြင် စစ်ကောင်စီသည် ရခိုင်ပြည်နယ်အတွင်း ဩဇာကြီးထွားနေသည့် ရက္ခိုင်အမျိုးသား အဖွဲ့ချုပ် (ULA/ AA)နှင့် ယာယီ အပစ်ရပ်ထားပြီး ရခိုင်နိုင်ငံရေးသား ဒေါက်တာ အေးမောင်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဟောင်း ဦးစံ ကျော်လှ၊ ဒေါ်အေးနုစိန် (နိုင်ငံတော်ကောင်စီဝင်) အပါအဝင် ရခိုင်တိုင်းရင်းသားတချို့ကို ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပြီး နိုင်ငံရေး ပါတီဘောင်ကို ကျယ်ပြန့်စေရန် စည်းရုံးထားသည်ကိုလည်း တွေ့မြင်ရသည်။

သို့သော်လည်း ရခိုင်ပြည်နယ်အတွင်း အင်အားကြီး ပါတီများဖြစ်သည့် ရခိုင်အမျိုးသားပါတီ (ANP) နှင့် ရခိုင့်ဦးဆောင်ပါတီ (AFP) တို့ကတော့ စစ်ကောင်စီက ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရန် ကြိုးပမ်းနေသည့်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေများ တိတိကျကျ ထွက်ပေါ်လာမှသာ ပါတီတွင် အစည်းအဝေး တရပ်ပြုလုပ်ပြီး ကျင်းပသွားမည် ဖြစ်ကြောင်း ပါတီခေါင်းဆောင်များက ဧရာဝတီသို့ ပြောသည်။

ရခိုင့်နိုင်ငံရေးသမား ဦးဖေသန်းက စစ်ကောင်စီကျင်းပမည့်ရွေးကောက်ပွဲအပေါ် ရခိုင်ပြည်နယ်အပါအဝင် တနိုင်ငံလုံး အတိုင်းအတာဖြင့် စိတ်ဝင်စားမှုမရှိသလို စစ်ကောင်စီသည် ပြိုင်ဘက်မရှိဘဲ တဖက်သတ်အနိုင်ယူမည့် ပွဲတခုသာ ဖြစ်ကြောင်း သုံးသပ် ပြောကြားသည်။

၎င်းက "ဒီရွေးကောက်ပွဲဟာ တနိုင်ငံလုံး အတိုင်းအတာနဲ့ ပြောရရင် ဒီမိုကရေစီအစိုးရကို ဖြုတ်ချပြီးတော့ အာဏာသိမ်း တဲ့ပွဲ ဖြစ်တဲ့အတွက် ပြည်သူ့တော်လှန်ရေးအဖွဲ့တွေ ပေါ်ပေါက်လာတာဖြစ်တယ်။ အဲဒီအတွက် ဗမာပြည်သူတွေကလည်း စိတ်ဝင်စားမှာ မဟုတ်ဘူး။ ရခိုင်မှာဆို ပိုးဆိုးတာပေ့ါ။ နောက်တခုက ဒီရွေးကောက်ပွဲဟာ လက်တွေ့စကားနဲ့ ပြောမယ်ဆိုရင် ကြိုးဝိုင်းထဲမှာ ပြိုင်ဘက်ကို ခြေတွေလက်တွေ ရိုက်ချိုးပြီးတော့ တဖက်သတ်အနိုင်ယူတဲ့ပွဲသာ ဖြစ်တဲ့အတွက် ဘယ်သူမှတော့ စိတ်ဝင်စားမှာ မဟုတ်ဘူး" ဟု ဧရာဝတီသို့ ပြောသည်။

လက်ရှိအခြေအနေတွင် ရခိုင်ပြည်နယ်အတွင် စစ်ကောင်စီလက်အောက်ခံ ဌာနဆိုင်ရာများ အနှောင့်အယှက်မရှိဘဲ မဲစာရင်းများ ကောက်ယူနိုင်သော်လည်း ပြည်နယ်တခုလုံးတွင် ဩဇာလွှမ်းမိုးထားသော ULA / AA က ခွင့်ပြုပေးထား သည်ဟု မှတ်ယူ၍ မရကြောင်း၊ နှစ်ဖက်အပစ်ရပ်ထားသည့် အခြေအနေအပေါ်မူတည်ပြီး တိုက်ပွဲပြန်ဖြစ်မဖြစ်အပေါ် မူတည်ကာ အနီးကပ်ရောက်မှသာလျှင် ULA/ AA အနေဖြင့် ဆုံးဖြတ်ချက်တခု ချမှတ်မည့် အခြေအနေရှိကြောင်း ဦးဖေသန်းက သုံးသပ်ပြောကြားသည်။

ပြီးခဲ့သော NLD အစိုးရလက်ထက် ၂၀၂၀ ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်အတွင်း စစ်တပ်နှင့် AA တို့ တိုက်ပွဲဖြစ် ပွားခဲ့ရာ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ မြို့နယ် ၉ မြို့နယ်ကို NLD အစိုးရက လုံခြုံရေး အကြောင်းပြချက်ဖြင့် ရွေးကောက်ပွဲ ကျင်းပခွင့်မပြုခဲ့ဘဲ ချန်လှန်ထားခဲ့သည်။

https://burma.irrawaddy.com/news/2023/01/18/257414.html

------------------------------------------------------------------------------------------

## မန္တလေးတွင် လူဦးရေစာရင်းကောက်သည့်ကိစ္စဖြင့် ၁၆ ကြိမ်ထက်မနည်း တိုက်ခိုက်ခံရပြီး ၁ ဦးသေဆုံး

By 007 (မဇ္ဈိမ) | 18 January 2023



မန္တလေး(မဇ္ဈိမ)။ ။ မန္တလေးမြို့တွင် လူဦးရေစာရင်းကောက်သည့်ကိစ္စဖြင့် တစ်ပတ်အတွင်းပစ်ခတ်တိုက်ခိုက်ခံရမှု ၁၆ ကြိမ်ထက်မနည်းရှိခဲ့ပြီး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး တစ်ဦးသေဆုံးခဲ့သည်။

ဒေသကာကွယ်ရေးမြို့ပြပြောက်ကျားတပ်ဖွဲ့များက၊ စစ်ဆင်ရေးအသွင်သဏ္ဍာန်အဖြစ် ဇန်နဝါရီလ ၁၁ ရက်နေ့က စ၍ လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

မဇ္ဈိမကရရှိထားသည့် အချက်အလက်များအရ ဇန်နဝါရီလ ၁၁ ရက်မှ ၁၈ ရက်အတွင်း၊ လူဦးရေစာရင်းကောက်သည့်ကိစ္စဖြင့် ၁၆ ကြိမ် ပစ်ခတ်တိုက်ခိုက်မှုရှိခဲ့ပြီး၊ တစ်ကြိမ်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး တစ်ဦး ကို နေအိမ်ထဲအထိ ဂင်ရောက်ပစ်ခတ်သွားခြင်းဖြစ်သည်။

ဒေသအခြေစိုက် မြို့ပြပြောက်ကျားတပ်ဖွဲ့တစ်ခုဖြစ်သော No More Dictatorship People Defence Force-NMD သည်၊ မဟာအောင်မြေနှင့်ချမ်းမြသာစည်မြို့နယ်တို့တွင် လူဦးရေစာရင်းကောက်နေသည့်စစ်အုပ်စုကို၊ ဇန်နဝါရီလ ၁၁ ရက်နေ့ တစ်ရက်တည်း ငါးကြိမ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် အမရပူရမြို့နယ်လဂကရုံးနှင့်အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက်ရုံးတို့ကိုတစ်ကြိမ်စီ၊ နောက်တစ်ရက်ညနေပိုင်းတွင် မဟာအောင်မြေမြို့နယ် စကြာနွယ်စဥ်ရပ်ကွက်ရုံးကို တစ်ကြိမ် စုစုပေါင်းရှစ်ကြိမ် ပုံးပစ်တိုက်ခိုက်ခဲ့သည်။

အတုအယောင်ရွေးကောက်ပွဲအတွက် မဲစာရင်းပြုလုပ်နေစဥ် လက်ပစ်ပုံးဖြင့်ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းအဖွဲ့က ဆိုသည်။
အလားတူ Special Task Force Mandalay(STF-MDY) ကလည်း၊ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ဓမ္မရုံတစ်ခုအတွင်း၊ လူဦးရေစာရင်းကောက်သည့်ကိစ္စဖြင့် စုဝေးနေသည့်အုပ်စုကို ဇန်နဝါရီလ ၁၂ ရက်နေ့တွင် လက်ပစ်ပုံးဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

အလားတူ ညီနောင်မဟာမိတ်သုံးဖွဲ့ပူးပေါင်းထားသည့် မြနန္ဒာစစ်ဆင်ရေးကလည်း၊ မဟာအောင်မြေမြို့နယ် ဟေမမာလာတောင်ရပ်ကွက်ရုံးနှင့် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအရှေ့ရပ်ကွက်ရုံးအနီး၊ လူဦးရေစာရင်းကောက်နေသည့်စစ်အုပ်စုကို၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင်လည်းကောင်း၊ ၎င်းနှင့် Acid Army PDF-MDY တို့ပူးပေါင်းပြီး၊ ဇန်နဝါရီလ ၁၂ ရက်နေ့ကလည်း ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ (စ)ရပ်ကွက်ရုံးနှင့် သင်ပန်းကုန်းရဲကင်းစခန်းတို့ကိုလည်းကောင်း၊ ရွေးကောက်ပွဲကိစ္စသတိပေးသည့်အနေဖြင့် တိုက်ခိုက်ခဲ့သေးကြောင်း ၎င်းအဖွဲ့သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ဆက်လက်၍၊ Generation Z Power (GZP-Mandalay)နှင့်မဟာမိတ်တပ်ဖွဲ့များပူးပေါင်းမှုဖြင့်၊ အမရပူရမြို့နယ်အုပ်ချုပ်ရေးမှူးရုံးကို ဇန်နဝါရီလ ၁၆ ရက်နေ့က ပုံးပစ်တိုက်ခိုက်ခဲ့သည်။

အဆိုပါတိုက်ခိုက်မှုများတွင်၊ လူဦးရေစာရင်းကောက်ယူသူများ ထိခိုက်သေဆုံးမှုတို့ရှိခဲ့ကြောင်း ပြောက်ကျားတပ်ဖွဲ့များဘက်က သတင်းထုတ်ပြန်ကြသော်လည်း၊ သီးခြားအတည်ပြုနိုင်ခြင်းမရှိသေးပေ။

ဇန်နဝါရီလ ၁၅ ရက်နေ့ဖြစ်စဥ်တွင်၊ လူဦးရေစာရင်းကောက်ယူကိစ္စဖြင့်အလုပ်များနေသည့်၊ မဟာအောင်မြေမြို့နယ် ဗောဓိကုန်းရပ်ကွက်မှ စစ်ကောင်စီခန့်အုပ်ချုပ်ရေးမှူးဦးစောဆိုသူ နေအိမ်အတွင်းမှာပင် ပစ်သတ်ခံလိုက်ရသည်။

၎င်းပစ်ခတ်မှုကိုတော့ Special Task Force Mandalay(STF-MDY)ကလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ သတင်းထုတ်ပြန်သည်။

မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်း၊ ဇန်နဝါရီလ ၉ ရက်နေ့ကစ၍ တစ်အိမ်တက်ဆင်း လူဦးရေ စာရင်းလိုက်ကောက်နေပြီး၊ အဖွဲ့တစ်ဖွဲ့လျှင် ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးအပါအဝင် ထွေအုပ်ဂန်ထမ်းနှစ်ဦး၊ မြို့နယ်အဆင့် လဝကအရာရှိတစ်ဦး၊ အရပ်ဝတ် စစ်ကောင်စီတပ်သားနှစ်ဦးပါဝင်ကြောင်း၊ Volunteer အဖြစ် မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦးပါဝင်ကြောင်း၊ တချို့ရပ်ကွက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးတည်းကပဲ၊ စာရင်းလာရောက်ကောက်ယူသွားကြောင်း ဒေသခံများထံက သိရသည်။

https://www.mizzimaburmese.com/article/122442

---------------------------------------------------------------------------------------------

## ဇန်နဝါရီလကုန် စစ်ကောင်စီ ကာလုံအစည်းအဝေးခေါ်ယူမည်

ဇန်နဝါရီ ၁၈၊ ၂၀၂၃ (ဗွီအိုအေ၊မြန်မာ)

ဇန်နဝါရီလကုန်ပိုင်းမှာ ကာလုံအစည်းအဝေးခေါ်ယူသွားဖို့ရှိတယ်လို့ စစ်ကောင်စီပြောခွင့်ရ ကပြောပါတယ်။ ကာလုံခေါ်ယူပြီးမှသာ ရွေးကောက်ပွဲကျင်းပဖို့အစီအစဉ်တွေကို ထုတ်ပြန်မယ်လို့လည်းပြောပါတယ်။ ဒီသတင်း ရန်ကုန်ကပေးပို့တာကို ကိုဇော်ဝင်းလှိုင်က ပြောပြမှာပါ။

လာမယ့် ဖေဖော်ဝါရီ ၁ရက်နေ့မှာ စစ်ကောင်စီအာဏာသိမ်းယူတာ ၂နှစ်ပြည့်တော့မှာဖြစ်ပါတယ်။ အဲလို ၂နှစ်ပြည့်မတိုင်ခင်မှာ ကာလုံလို့ခေါ်တဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ အစည်းအဝေးကို ဒီဇန်နဝါရီလကုန် ပိုင်းမှာ ခေါ်ယူသွားဖို့ရှိတယ်လို့ စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းက ဗွီအိုအေ ပြောပါတယ်။

"အဓိကကတော့ကျနော်တို့ ၂နှစ်ပြည့်တဲ့ အခါ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီကို အစီရင်ခံတင်ပြရမှာရှိပါတယ်။ အဲဒီမှာအစီရင်ခံတင်ပြမယ့်ဟာကိုစောင့်ကြည့်ပေးဖို့ ပြောချင်ပါတယ်။"

ကာလုံခေါ်ယူမယ့်အစီအစဉ် တင်ပြမယ့်အချက်အလက်အသေးစိတ်ကိုထုတ်ပြောဖို့ ငြင်းဆိုပါတယ်။ ကာလုံခေါ်ယူပြီးမှသာ ရွေးကောက်ပွဲကျင်းပဖို့အစီအစဉ်တွေကို ထုတ်ပြန်မယ်လို့လည်း ပြောပါတယ်။

စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စစ်တပ်က နိုင်ငံတော်အာဏာသိမ်းခဲ့ရတဲ့ ၂နှစ်ပြည့် တာဝန်ထမ်းဆောင်ခဲ့တဲ့ အခြေအနေတွေနဲ့ပတ်သက်လို့ ကာလုံအစည်း အဝေးမှာပြောကြားဖို့ရှိပြီး တင်ပြချက်တွေအပေါ်အခြေခံကာ တိုင်းပြည်အနာဂတ်ကို ဖော်ဆောင်သွားမှာဖြစ်တယ်လို့ စစ်ကောင်စီဘက်ကပြောပါတယ်။

စစ်ကောင်စီဘက်က ၂၀၂၃ ခုနှစ် ဩဂုတ်လထဲမှာ အထွေထွေရွေးကောက်ပွဲကို ဥပဒေနဲ့အညီ ပြန်လည် ကျင်းပပေး မယ်ဆိုတဲ့ ကတိပေးထားဖူးပြီး လက်ရှိမှာနိုင်ငံအနှံ့အပြား တိုက်ပွဲတွေ ဖြစ်နေတာကြောင့် ကျင်းပဖြစ်မဖြစ်နဲ့ပတ်သတ်လို့ ဘာမှရှင်းရှင်းလင်းလင်း မပြောသေးပါဘူး။

စစ်ကောင်စီက ဇန်နဝါရီလကုန်မှာ ကာလုံခေါ်ယူမယ့်အခြေအနေနဲ့ပတ်သတ်လို့ နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးရဲထွန်း ကတော့ အခုလိုသုံးသပ်ပြောဆိုလိုက်ပါတယ်။

"ဘယ်လိုဆက်လုပ်မလဲဆိုတာ အမှန်က ကာလုံကဆုံးဖြတ်ရမှာ၊ ရွေးကောက်ပွဲလုပ်မယ်လို့ ဆုံးဖြတ်မှာလား၊ ဒါမှမဟုတ် နစကကို ကာကွယ်ရေးဦးစီးချုပ်ကိုဆက်ပြီးတော့ တာဝန်ပေးမှာလား ၊ တာဝန်ပေးမှာဆိုရင်လည်း ဘယ်ပုဒ်မနဲ့တာဝန်ပေးမှာလဲ။ ပုဒ်မ ၄၂၅ မှာကတော့ သာမာန်အားဖြင့် ၆ လ ၊ ၆ လ နှစ်ကြိမ်

သက်တမ်းတိုးနိုင်သည်လို့ အဲ့လိုပဲပါတယ်။ အဲ့ဒီတော့ သာမာန်မဟုတ်တဲ့အတွက်ကြောင့်မို့လို့ အခုက တာဝန်ကမပြီးဆုံးသေးတဲ့အတွက်ကြောင့်မို့လို့ ဆက်လက်ပြီးတော့ နစကအနေနဲ့ အုပ်ချုပ်ခွင့်ပြုပါလို့ တောင်းလို့ရှိရင်လည်း အခြေခံဥပဒေအရက ခွင့်ပြုတယ် ပေးနိုင်တယ်လို့ ရှင်းရှင်းလင်းလင်းဆိုမထားပေမယ့် သာမာန်မဟုတ်တဲ့ကိစ္စကြောင့်မို့လို့ ပေးမယ်ဆိုပြီးတော့ တိုးပေးတာမျိုးလည်း ဖြစ်နိုင်သလို၊ ရွေးကောက်ပွဲအတွက် ပြင်ဆင်မယ် ဆိုတာမျိုးလည်းဖြစ်နိုင်တယ်။ ပြောချင်တဲ့သဘောက လုပ်ချင်ရင်လည်း လုပ်လို့ရတယ်၊ မလုပ်ချင်ဘူး ဆက်ပြီးတော့ သက်တမ်းတိုးမယ်ဆိုလည်း လုပ်လို့ရတယ်ဆိုတာကို ပြောချင်တာ"

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှစ်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးတို့နဲ့ ဖွဲ့စည်းထားပါတယ်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ စစ်တပ်ကအာဏာသိမ်းယူမှုပြီးနောက်မှာ ကာလုံပထမအကြိမ်ခေါ်ကာ ဒုသမ္မတ ဦးမြင့်ဆွေက ယာယီသမ္မတအဖြစ်ရယူပြီး၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်အရ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို အရေးပေါ်ကာလပြဋ္ဌာန်းချက်အရဆိုကာ အာဏာကုန်လွှဲခဲ့ပါတယ်။

ဖွဲ့စည်းပုံပြဋ္ဌာန်းချက်ထဲမှာတော့ အရေးပေါ်ကာလပြဋ္ဌာန်းချက် တစ်နှစ်သတ်မှတ်ပြီးရင်၊ တစ်ကြိမ်ကို ၆ လနဲ့ နှစ်ကြိမ်အထိ သက်တမ်းတိုးနိုင်တယ်လို့ ဖော်ပြထားတာမို့ အခု ဇန်နဝါရီ ၃၀ ရက်ဆိုရင် သက်တမ်းကုန်ပါပြီ။ စစ်ကောင်စီဘက် ကတော့ ဖေဖော်ဝါရီ စစ်တပ်ကအာဏာ သိမ်းယူမှုဟာ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံနဲ့အညီဖြစ်တယ်လို့ စစ်ကောင်စီက ပြောထားပါတယ်။ ဒါပေမယ့်လည်း ဒီမိုကရေစီရေး အဖွဲ့အစည်းတွေ တတ်ကြွ လှုပ် ရှားသူတွေကတော့ ၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက် စစ်တပ်အာဏာ သိမ်းမှု ဟာ ၂၀၀၈ ဖွဲ့စည်းပုံနဲ့မညီ ညွှတ်တာမို့၊ စစ်တပ်ကိုယ်တိုင်က အဲဒီ ဖွဲ့စည်းပုံကို ဖျက်ပြီးသားဖြစ် တယ်လို့ ပြောဆိုထားကြပါတယ်။

https://burmese.voanews.com/a/myanmar-meeting-of-national-defense-and-security-council-2023/6923175.html

---------------------------------------------------------------------------------------------

## CDM နှင့် ပတ်စ်ပို့ ဖျက်သိမ်းခံရသူများကို ပစ်မှတ်ထားစောင့်ကြည့်ရန် စစ်ကောင်စီ ညွှန်ကြား

By ဧရာဝတီ | 18 January 2023

ပြည်ပထွက်ခွာခွင့် တားမြစ်ခံရသော အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ပြုလုပ်ထားသူများ၊ ပြည်ပနိုင်ငံ လေဆိပ်များမှ ပြည်ဝင်ခွင့်မပြုဘဲ ပြန်လည်စေလွှတ်ခြင်းခံရသော မြန်မာနိုင်ငံသားများအား ပစ်မှတ်ထားစောင့်ကြည့်ရန် စစ်ကောင်စီ ပြည်ထဲရေးဝန်ကြီး ဒုဗိုလ်ချုပ်ကြီး စိုးထွဋ်က ညွှန်ကြားထားသည်။

ပေါက်ကြားလာသည့် စစ်ကောင်စီ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေးမှတ်တမ်းတွင် ထိုသို့ ညွှန်ကြား ထားခြင်း ဖြစ်ပြီး ပြည်ပလေဆိပ်များမှ ပြန်ပို့ခံရသူများကိုလည်း CDM များကဲ့သို့ပင် ပစ်မှတ်ထားစောင့်ကြည့်ရန် ဒုဗိုလ်ချုပ်ကြီး စိုးထွဋ်က ပြောသည်။

၎င်းက "CDM လုပ်သူများ Black List သွင်းထားသည့်အတွက် ပြည်ပသို့ ထွက်ခွင့်မရတော့ဘဲ လေဆိပ်တွင် တားဆီးမှုများ ရာနှင့်ချီ၍ ရှိလာပါကြောင်း၊ ထိုသို့ တားဆီးခံရသူများသည် အစိုးရအပေါ် မကျေနပ်သည့်အဖွဲ့များ ဖြစ်လာနိုင်ပါကြောင်း၊ ပြည်တွင်း၌လည်း အလုပ်မရှိ၊ ပြည်ပသို့လည်း သွားမရခြင်းတို့ကြောင့် ထိုလူအုပ်စု၏ အန္တရာယ်သည် ကြီးမားလာနိုင်ပါ ကြောင်း" ဟု ဆိုသည်။

အစည်းအဝေးအတွင်းမှ ပေါက်ကြားလာသည့် ဒုဗိုလ်ချုပ်ကြီး စိုးထွန်း၏ ပြောဆိုချက်အရ ပြီးခဲ့သည့် နှစ်လအတွင်းမှာပင် ပြည်ဝင်ခွင့်မပြုဘဲ ပြန်ပို့ခံရသည့် မြန်မာနိုင်ငံသားဦးရေ ၅၀၀ ခန့် ရှိနေပြီး Black List သွင်းခံရမှုကြောင့် လေဆိပ်တွင် တားဆီးခံရသူ ရာနှင့်ချီ ရှိနေကြောင်းလည်း သိရသည်။

စစ်တပ် အာဏာသိမ်းပြီးနောက် ဝန်ကြီးဌာနပေါင်းစုံမှ CDM ပြုလုပ်သူ နိုင်ငံ့ဝန်ထမ်း သိန်းနှင့်ချီ ရှိခဲ့ပြီး ၎င်းတို့အား စစ် ကောင်စီက ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း၊ ဖမ်းဆီးနှိပ်ကွက်ခြင်း၊ အချို့အား ထောင်ဒဏ်ချမှတ်ခြင်းများ ပြုလုပ်ခဲ့သည့် အပြင် ယမန်နှစ် မတ်လမှစ၍ CDM ပြုလုပ်ထားသူများ၏ နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့) များကိုလည်း Black List လုပ်ကာ ပြည်ပထွက်ခွာခွင့် ထိန်းချုပ်ကန့်သတ်ခဲ့သည့်အတွက် လေဆိပ်တွင် ဖမ်းဆီးခံရပြီး ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅(က) ဖြင့် တရားစွဲခံရသူများလည်း ရှိခဲ့သည်။



၂၀၂၁ ဖေဖော်ဝါရီတွင် ရန်ကုန်မြို့ အမေရိကန်သံရုံးရှေ့၌ စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြလှုပ်ရှားမှု / ဧရာဝတီ

CDM ပြုလုပ်ထားသူ ရန်ကုန်မြို့မှ အလယ်တန်းပြ ကျောင်းဆရာမတဦးက ၎င်းအနေဖြင့် ပြည်ပသို့ထွက်ခွာပြီး အလုပ်လုပ် ရန် နိုင်ငံကူးလက်မှတ် သွားလုပ်ရာ၌ ပြုလုပ်ခွင့် မရခဲ့ကြောင်း ဧရာဝတီကို ပြောသည်။

၎င်းက “ပတ်စ်ပို့ သွားလုပ်တာ နာမည်ပြောလိုက်တာနဲ့ ကျောင်းဆရာမလားလို့ မေးတယ်။ သူတို့အနေနဲ့ အခု စာအုပ် ထုတ်ပေးလိုက်လည်း လေဆိပ်ကျရင် အဖမ်းခံရမှာပဲလို့ ပြောတယ်။ စာအုပ်ပဲ လိုချင်တာပါလို့ ပြောတာ မရဘူး” ဟု ဆိုသည်။

၎င်းအနေဖြင့် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သော CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီးနောက် တိမ်းရှောင်နေခဲ့ရသည့် အခြေ အနေများ ရှိခဲ့ပြီး အချိန်မရွေး ဖမ်းဆီးခံရနိုင်မှုအတွက်လည်း စိုးရိမ်စိတ်များရှိနေဆဲ ဖြစ်ကြောင်း ၎င်းက ပြောသည်။

ပြန်ကြားရေးဝန်ကြီးဌာနမှ CDM ပြုလုပ်လာသူ တဦးကလည်း ၎င်းအနေဖြင့် လတ်တလောတွင် ပြည်ပသို့ ထွက်ခွာပြီး အလုပ်အကိုင် ရှာဖွေလိုသော်လည်း နိုင်ငံကူးလက်မှတ် သွားလုပ်သည့်အခါ ဖမ်းဆီးခံရမည်ကို စိုးရိမ်မှုရှိသောကြောင့် သွားရောက် ပြုလုပ်နိုင်ခြင်း မရှိသေးကြောင်း ပြောဆိုသည်။

စစ်အာဏာသိမ်းမှု ဆန့်ကျင်ရာတွင် ပါဝင်ခဲ့သည့် အလှမယ်ဟန်လေးမှာလည်း ပတ်စ်ပို့ ပယ်ဖျက်ခံရပြီး ထိုင်းနိုင်ငံ၊ ဘန်ကောက်လေဆိပ်၌ ယာယီထိန်းသိမ်းခံရသကဲ့သို့ မော်ဒယ်နန်းမွေစံမှာလည်း ရန်ကုန်လေဆိပ်တွင် ဖမ်းဆီးခံရပြီး နိုင်ငံကူးလက်မှတ် သိမ်းဆည်းခံခဲ့ရသည်။

နိုင်ငံကူးလက်မှတ် ပယ်ဖျက်ခံရသည့် အလှမယ်ဟန်လေး အနေဖြင့် ကနေဒါနိုင်ငံတွင် ခိုလှုံခွင့်ရခဲ့သော်လည်း ရန်ကုန်လေ ဆိပ်၌ ဖမ်းဆီးခံရသည့် မော်ဒယ်နန်းမွေစံမှာမူ လက်ရှိတွင် အီလက်ထရောနစ်ဥပဒေ ပုဒ်မ ၃၃(က) ဖြင့် စစ်ခုံရုံးက ထောင် ဒဏ် ၆ နှစ် ချမှတ်ထားသည်။

ထို့ပြင် စစ်ကောင်စီဘက်က အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖြစ် Black List စာရင်းသွင်းခြင်းများနှင့် ပတ်သက်ပြီး နိုင်ငံ တကာနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ စစ်ဆေးရေးဂိတ်များ၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လေဆိပ်များနှင့် နယ်စပ် အဝင်အထွက် ဂိတ်များတွင် ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ စစ်ဆေးတားဆီးမှုများ ပြုလုပ်လျက် ရှိကြောင်းလည်း စစ်ကောင်စီ လက်အောက်ခံ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုဝန်ကြီး ဦးဌေးလှိုင်က ပြောထားသည်။



၂၀၂၁ ဖေဖော်ဝါရီတွင် ရန်ကုန်မြို့ အမေရိကန်သံရုံးရှေ့၌ စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြလှုပ်ရှားမှု / ဧရာဝတီ

အထူးသဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပြန်လည် ဝင်ရောက်လာသည့် နိုင်ငံသားများအား အကြမ်းဖက်မှုနှင့် ဆက် စပ်သည့် သင်တန်းများ တက်ရောက်ခဲ့ ခြင်း ရှိမရှိ စိစစ်ဆောင်ရွက်မှုများ ပြုလုပ်သင့်ကြောင်း ၎င်းက ပြောဆိုထားသည်။

ထိုသို့သော အခြေအနေတွင် စစ်ကောင်စီက CDM များနှင့် ပြည်ပထွက်ခွာခွင့် ပိတ်ပင်ခံထားရသူများ၏ အချက်အလက် များအား ပြည်နယ်နှင့်တိုင်း ရဲတပ်ဖွဲ့များထံ ဖြန့်ဝေပြီး ပစ်မှတ်ထားစောင့်ကြည့်ရန် ထပ်မံ ညွှန်ကြားလာသည့်အတွက် CDM ဝန်ထမ်းများနှင့် နိုင်ငံရေးလှုပ်ရှားမှုကြောင့် Black List သွင်းခံထားရသူများ အနေဖြင့် ဖမ်းဆီးတရားစွဲဆိုခံရမှုများ ထပ်မံ ရင်ဆိုင်ရနိုင်ဖွယ် ရှိနေသည်။

စစ်တပ် အာဏာသိမ်းပြီးနောက် နိုင်ငံရေးလှုပ်ရှားမှုနှင့် ပြည်တွင်း၌ အလုပ်အကိုင် ရှားပါးမှုများကြောင့် နိုင်ငံသား သိန်းနှင့် ချီပြီး အိမ်နီးချင်း ထိုင်းနိုင်ငံ အပါအဝင် ပြည်ပနိုင်ငံအသီးသီးသို့ တရားဝင်ရော၊ တရားမဝင် လမ်းကြောင်းများဖြင့်ပါ ထွက် ခွာလျက် ရှိသည်။

ထိုသို့ နိုင်ငံသား အများအပြား ပြည်ပသို့ ထွက်ခွာနေမှုများနှင့် ပတ်သက်ပြီး အာဏာသိမ်း စစ်ကောင်စီက ထိန်းချုပ်ကန့် သတ်သည့် အနေဖြင့်လည်း နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့) အသစ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်း စသည့် လုပ်ငန်းစဉ် များအား လတ်တလော ရပ်ဆိုင်းထားသည်။

https://burma.irrawaddy.com/news/2023/01/18/257416.html

------------------------------------------------------------------------------------------------------------

## မြန်မာ သေမင်းတမန် စစ်လက်နက်စက်ရုံများကို ပစ်မှတ်ထားခြင်း

David Scott Mathieson | 18 January 2023

မြန်မာစစ်တပ်၏ စစ်ကောင်စီသည် ကံဆိုးမိုးမှောင်ကျသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းမှုတွင် ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ထားသည့် အရပ်သားအစိုးရကို ဖြုတ်ချပြီးနောက် အာဏာကို ဖက်တွယ်ထားနိုင်ခဲ့သည်။

သို့သော် စစ်ကောင်စီသည် ၎င်း၏တရားမဝင် အာဏာသိမ်းမှုကို အတွေ့အကြုံရင့် တိုင်းရင်းသား လက်နက်ကိုင်များ၊ လမ်းမများပေါ်မှ ဆန္ဒပြသူများ၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် တနိုင်ငံလုံးမှ ရာပေါင်းများစွာသော ပြည်သူ့ကာကွယ်ရေးတပ်များ (PDFs) ထံမှ မကြုံဖူးသည့် ခုခံမှုနှင့် ရင်ဆိုင်ရသည်။

သွေးချောင်းစီးနေသော်လည်း စစ်လိုလားနေဆဲဖြစ်နေသော စစ်ကောင်စီသည် အဓိကနည်းလမ်း သုံးခုဖြင့် နိုင်ငံတဝန်းတွင် အာဏာနှင့်အလားတူသောအရာကို ဆက်လက်ချုပ်ကိုင်ထားခဲ့သည်။ ထိုနည်းလမ်း သုံးခုမှာ အသေးစားလက်နက်များ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်သည့် ပြည်တွင်း လက်နက်ထုတ်လုပ်ရေးလုပ်ငန်း၊ ပြည်ပမှ ဝယ်ယူထားသည့် လေကြောင်းစွမ်းအင်နှင့် လက်နက်ကြီးများကို အပြင်းအထန် ပစ်ခတ်ခြင်းနှင့် လူသတ် စစ်တပ်ကို ပထမအချက်နစ်ချက်က ပေးအပ်လိုက်သော လက်နက်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိမ်းကြုံး အကြမ်းဖက်ခြင်းတို့ပင် ဖြစ်သည်။

*“လူသတ်စီးပွားရေး – မြန်မာစစ်တပ် လက်နက်ထုတ်လုပ်ခြင်းကို ထောက်ပံ့ခြင်း” အမည်ရှိ ဇန်နဝါရီလ ၁၆ ရက်နေ့က ထုတ်ပြန်သည့် အစီရင်ခံစာသည် မြန်မာပြည်တွင်းလက်နက် ထုတ်လုပ်သည့် လုပ်ငန်းကို ကုန်စည်ပေးသွင်းနေသည့် ကုန်စည်ဖြန့်ချိရေး ကွင်းဆက်များအား ကျယ်ကျယ်ပြန့်ပြန့် လေ့လာမှုတခုဖြစ်သည်။*

နိုင်ငံတကာအသိုက်အဝန်းမှ အများအပြားက မြန်မာစစ်ကောင်စီသို့ ရုရှား၊ တရုတ်နှင့် အိန္ဒိယ လက်နက်များ ရောင်းချမှု ရပ်တန့်သွားစေရန် ကုလသမဂ္ဂ လက်နက်ပိတ်ပင်ခြင်းကို တောင်းဆိုကြသည်။ ထိုသို့ တောင်းဆိုပြီးနောက် နှစ်နှစ်ကြာသော်လည်း မော်စကို၊ ဘေဂျင်းနှင့် နယူးဒေလီတို့သည် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၂၆၆၉ ကို ဒီဇင်ဘာလက ထူးထူးခြားခြား မဲမပေးဘဲ နေသော်လည်း အထက်ပါတောင်းဆိုမှုသည် လက်တွေ့ဖြစ်လာရန် ဝေးနေသေးသည်။ (အခြားအဖွဲ့ဝင် ၁၂ နိုင်ငံတို့က ထောက်ခံမဲပေးခဲ့ကြသည်။)

သို့သော် မြန်မာပြည်တွင်း လက်နက်ထုတ်လုပ်မှုလုပ်ငန်းကို ဖိအားပေး အရေးယူရန် တောင်းဆိုမှု အနည်းငယ်သာ ရှိခဲ့သည်။

“လူသတ်စီးပွားရေး – မြန်မာစစ်တပ် လက်နက်ထုတ်လုပ်ခြင်းကို ထောက်ပံ့ခြင်း” အမည်ရှိ ဇန်နဝါရီလ ၁၆ ရက်နေ့က ထုတ်ပြန်သည့် အစီရင်ခံစာသည် မြန်မာပြည်တွင်းလက်နက် ထုတ်လုပ်သည့် လုပ်ငန်းကို ကုန်စည်ပေးသွင်းနေသည့် ကုန်စည်ဖြန့်ချိရေး ကွင်းဆက်များအား ကျယ်ကျယ်ပြန့်ပြန့် လေ့လာမှုတခုဖြစ်သည်။ အထူးသဖြင့် အာဏာသိမ်းပြီးနောက် အစိုးရဆန့်ကျင်သူများနှင့် ခုခံတော်လှန်ရေး အင်အားစုများကို နှိမ်နင်းရန် လူသေဆုံးသည်အထိ အသုံးပြုနေသော လက်နက်ငယ်များ ထုတ်လုပ်နိုင်စေသည့် အသေးစား လက်နက်များအတွက် ကုန်စည်ဖြန့်ချိရေး ကွင်းဆက်များကို လေ့လာထားခြင်း ဖြစ်သည်။

အရပ်သား ၃,၀၀၀ နီးပါး သတ်ဖြတ်ခံရခြင်း၊ လူ ၁ သန်းကျော် ပြည်တွင်းနေရပ်စွန့်ခွာသူများ ဖြစ်ရခြင်းနှင့် အဆောက်အအုံ ၃၀,၀၀၀ ကျော် မီးရှို့ခံရခြင်းတို့အနက် အများစုမှာ သေမင်းတမန် စက်ရုံများမှ အလုံးအရင်းနှင့် ထုတ်လုပ်နေသည့် မြန်မာပြည်တွင်းထုတ် လက်နက်ကိရိယာများကြောင့် ဖြစ်သည်။

*ကပစကို ထောက်ပံ့နေသူများသည် အံ့သြစရာမဟုတ်ပေ။ တရုတ်နိုင်ငံပိုင် NORINCO၊ ရုရှား၊ တောင်နှင့် မြောက်ကိုရီးယား၊ စင်ကာပူ၊ အစ္စရေး၊ ယူကရိန်းနှင့် လက်နက်အဓိက ထုတ်လုပ်သည့် အခြားသူများပင်ဖြစ်သည်။*

ယန်ဟီးလီ၊ ခရစ် စီဒေါ့တီနှင့် မာဇူကီ ဒါရုဝ်စ်မင်း တို့ပါဝင်ပြီး မြန်မာနှင့်ပတ်သက်သည့် ကာလရှည်ကြာသမိုင်းရှိသော ထင်ရှားကျော်ကြားသူများဖြင့် ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးအဖွဲ့ (SAC-M) ဟု မှားယွင်းနားလည်စရာဖြစ်အောင် အမည်ပေးထားသည့် ထိုအဖွဲ့က ထုတ်ပြန်လိုက်သော အစီရင်ခံစာတွင် မြန်မာစစ်တပ်က လုံးဝ ထိန်းချုပ်ထားသည့် ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှု ညွှန်ကြားရေးမှူးရုံးအောက်မှ ကာကွယ်ရေးပစ္စည်းစက်ရုံများ (ကပစ) ကွန်ရက်ကို အခြေခံအားဖြင့် စုံစမ်းစစ်ဆေးလေ့လာထားသည်။



ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှု ညွှန်ကြားရေးမှူးရုံးအောက်မှ စက်ရုံ

၁၉၅၀ ပြည့်နှစ်များမှစတင်ပြီး မြန်မာစစ်တပ်သည် ကိုယ့်ပြည်သူအပေါ် အဆုံးမရှိ စစ်ပွဲအတွက် ခြေလျင်တပ်သုံး လက်နက်ကိရိယာများကို ၎င်းတို့ဘာသာ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ကြိုးစားခဲ့သည်။ နေပြည်တော်ရှိ စစ်သမိုင်းပြတိုက်သို့ ရောက်ဖူးသူ မည်သူမဆို ပြည်တွင်းလက်နက် ထုတ်လုပ်နိုင်စွမ်းအပေါ် စစ်တပ်က အမျိုးသားရေးပုံစံ ဂုဏ်ယူနေခြင်းကို သိမြင်နိုင်သည်။

ကပစကို ထောက်ပံ့နေသူများသည် အံ့သြစရာ မဟုတ်ပေ။ တရုတ်နိုင်ငံပိုင် NORINCO၊ ရုရှား၊ တောင်နှင့် မြောက်ကိုရီးယား၊ စင်ကာပူ၊ အစ္စရေး၊ ယူကရိန်းနှင့် လက်နက်အဓိက ထုတ်လုပ်သည့် အခြားသူများပင်ဖြစ်သည်။

ကာကွယ်ရေးသုတေသီ အင်ဒရူးဆက်သ်က ထိုစက်ရုံများအနက် အများအပြားကို လွန်ခဲ့သော ၂၅ နှစ်ကပင် ဖော်ပြခဲ့ပြီး တရုတ်၊ ရုရှားနှင့် အိန္ဒိယတို့က မြန်မာစစ်တပ်ကို လက်နက်ရောင်းချခြင်းအား အာရုံစိုက်နေကြပြီး ထိုစက်ရုံများသည် အာဏာမသိမ်းမီအချိန်အထိ အများပြည်သူ အာရုံစိုက်မခံရဘဲ အရှိန်အဟုန်ဖြင့် လက်နက်များ ဆက်လက်ထုတ်လုပ်နေသည်။

*ထိုအစီရင်ခံစာသည် လျှို့ဝှက်သုတေသနအဖွဲ့ဖြစ်သော Justice for Myanmar ကို အကြီးအကျယ် အားကိုးသည်။ ထိုအဖွဲ့သည် စစ်တပ်အတွင်းမှ ရရှိသော အသေးစိတ် ကျိုးကြောင်းဆီလျော်မှုအရှိဆုံး ပေါက်ကြားမှုများကို ဖော်ထုတ်နိုင်ခဲ့သည်မှာ နှစ်အတန်ကြာပြီ ဖြစ်သည်။*

ကပစ သည် ၁၉၈၈ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်းတွင် ၎င်းတို့ထံ ကုန်စည်ပေးသွင်းသူများကို ချဲ့ထွင်ခဲ့သည်။ ထိုစဉ်က မြန်မာ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း၏ မူလပြုစုပျိုးထောင်ပေးသူ ဂျာမန်လုပ်ငန်း ဖရစ်ဇ်ဝါနာသည် အခြားကုန်စည်ပေးသွင်းသူ အမျိုးမျိုးနှင့် နည်းပညာကျွမ်းကျင်မှုများ၊ အထူးသဖြင့် MA အမျိုးအစား တိုက်ခိုက်ရေး ရိုင်ဖယ်များကို ထုတ်လုပ်ရန် အစွရေးနှင့် စင်ကာပူကို အလျှော့ပေးလိုက်ရသည်။

အထက်ပါအစီရင်ခံစာတွင် မြန်မာ၌ အလွန်ကြွယ်ဝစွာ ရှိနေသော ကုန်ကြမ်းများ အပါအဝင် ကုန်ကြမ်းများကို တရုတ်ထံမှ မည်သို့ အကြီးအကျယ် တင်သွင်းနေရသည်ကို အသေးစိတ် ဖော်ပြထားသည်။ သန့်စင်ထုတ်လုပ်နိုင်မှု မရှိခြင်းနှင့် အဆင့်မြင့် လက်နက်ကိရိယာများနှင့် အစိတ်အပိုင်းများကို ထုတ်လုပ်သည့် စွမ်းရည်မရှိခြင်းတို့သည် ကပစ စက်ရုံများကို ဆက်လက် အခြေအနေဆိုးရွားနေစေသည်။



ကပစ စက်ရုံတရုံကို စစ်ခေါင်းဆောင် မင်းအောင်လှိုင် သွားစစ်ဆေးစဥ်

ဂျာမနီ၊ ပြင်သစ်၊ အစ္စရေးနှင့် ထိုင်ဝမ်လုပ်ငန်းများမှ Computer Numerical Control (CNC) စက်များကို နှစ်ပေါင်းများစွာ ဝယ်ယူထားသောကြောင့် မော်တာများ၊ ဖျက်အားပြင်းသည့် အမြောက်ကြီးများ (၁၀၅ မမ ဟောင်ဝစ်ဇာအမြောက်များနှင့် ၁၂၂ မမ အလိုအလျောက်ပစ် ဟောင်ဝစ်ဇာအမြောက်များ)၊ ဒုံးကျည်များနှင့် ဒုံးကျည်ပစ်လက်နက်များ အပါအဝင် လက်နက်ငယ်များ ထုတ်လုပ်သည့်စွမ်းရည်ကို တိုးတက်စေခဲ့သော်လည်း ကပစ၏ နည်းပညာ ကျွမ်းကျင်မှုသည် အခြားလက်နက်များကို ထုတ်လုပ်နိုင်ခြင်း မရှိသေးပေ။

မည်သို့ဆိုစေကာမူ ထိုပြည်တွင်းလက်နက် ထုတ်လုပ်မှုစွမ်းရည်သည် ယခု ၂ နှစ်ကြာ ပြည်တွင်းစစ်က ပြသခဲ့သည့်အတိုင်း အမျိုးမျိုးသော အတိုက်အခံများကို စစ်ဆင်ရေး အရှိန်အဟုန် ဆက်လက်ထိန်းသိမ်းထားရန် လုံလောက်နေသည်။ အထက်ပါ အစီရင်ခံစာသစ်တွင် ဖော်ပြထားသည့်အတိုင်းဆိုပါက "တိုင်းပြည်တွင်းတွင် လက်နက်ထုတ်လုပ်နိုင်သည့် စွမ်းရည်သည် မြန်မာစစ်တပ်အတွက် ဂုဏ်ယူစရာ အရေးပါသော ရင်းမြစ်ဖြစ်နေပြီး နိုင်ငံညီညွတ်ရေးနှင့်တည်ငြိမ်မှုကို ခြိမ်းခြောက်မှုဟု မြင်သောကိစ္စများတွင် အရေးပါသည်ဟု စစ်တပ်ဖွဲ့ဝင်များနှင့် ထောက်ခံသူများက သတ်မှတ်ကြသည်" ဟု သိရသည်။

ကပစပေါင်း ၂၅ ခု၏ တည်နေရာအတိအကျများကို ထိုအစီရင်ခံစာတွင် ဖော်ပြထားပြီး အများစုသည် မကွေးတိုင်းတွင်ရှိကာ ပဲခူး၊ မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်တိုင်းများတွင်လည်း ရှိသည်။ ထိုနေရာများသည် ကားလမ်းများ၊ မြစ်များ၊ ရထားလမ်း စသည့် အဓိက သယ်ယူပို့ဆောင်ရေး လမ်းဆုံများတွင် တည်ရှိပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ မတိုင်မီအထိ ကာလကြာမြင့်ပြီဖြစ်သော ပဋိပက္ခဇုန်များနှင့် သီးခြားတည်ရှိနေသည်။ သို့သော် ယခုအခါ ထိုသို့မဟုတ်တော့ဘဲ အာဏာသိမ်းမှုနောက်ပိုင်း ပဋိပက္ခမှ အညာစစ်မျက်နှာသည် ထိုစက်ရုံများနှင့် နီးကပ်စွာ တည်ရှိနေသည်။

မြန်မာစစ်တပ်သို့ လက်နက်အစိတ်အပိုင်းများ ရောင်းချသည်ဟုဆိုသည့် ပြည်ပလုပ်ငန်းများကို ထိုအစီရင်ခံစာတွင် ဖော်ပြထားသည်။ ထိုလုပ်ငန်းများတွင် အစ္စရေးစစ်ဘက် စက်မှုလုပ်ငန်းက STK 50MG စက်သေနတ်များ ထုတ်လုပ်ခွင့်လိုင်စင် ချထားပေးသည်။ အိန္ဒိယလုပ်ငန်း Tonbo Imaging က "Ek" thermal imaging အပူဖြင့်ပုံဖော်သည့် ကိရိယာများရောင်းချသည်။ China Aerospace Science and Technology Corporation (CASC) က CH-4 မောင်းသူမဲ့ ဒရုန်းလေယာဥ်များ ထုတ်လုပ်သည့်နည်းပညာ ရောင်းချသည်။ စင်ကာပူမှ ST Kinetics နှင့် ယူကရိန်း လုပ်ငန်းများဖြစ်သော Ukroboronprom နှင့် Ukrspecexport တို့လည်း ပါဝင်နေသည်။

*မည်သို့ဆိုစေကာမူ ထိုပြည်တွင်းလက်နက် ထုတ်လုပ်မှုစွမ်းရည်သည် ယခု နှစ်နှစ်ကြာ ပြည်တွင်းစစ်က ပြသခဲ့သည့်အတိုင်း အမျိုးမျိုးသော အတိုက်အခံများကို စစ်ဆင်ရေး အရှိန်အဟုန် ဆက်လက်ထိန်းသိမ်းထားရန် လုံလောက်နေသည်။*

ကုန်ကြမ်းတင်သွင်းရန် အဓိကကျသော လုပ်ငန်းများတွင် Norinco (သံ၊ အလူမီနီယံ၊ ကြေးဝါ)၊ Myanmar New Power Group (အလူမီနီယံ နိုက်ထရိတ်)၊ Mottoma Holdings Limited၊ Suntac Technologies နှင့် စင်ကာပူမှ STE Global Trading Pte Ltd တို့ ပါဝင်ကြောင်း အထက်ပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထိုအစီရင်ခံစာသည် လျှို့ဝှက်သုတေသနအဖွဲ့ဖြစ်သော Justice for Myanmar ကို အကြီးအကျယ် အားကိုးသည်။ ထိုအဖွဲ့သည် စစ်တပ်အတွင်းမှ ရရှိသော အသေးစိတ် ကျိုးကြောင်းဆီလျော်မှု အရှိဆုံး ပေါက်ကြားမှုများကို ဖော်ထုတ်နိုင်ခဲ့သည်မှာ နှစ်အတန်ကြာပြီ ဖြစ်သည်။

ထိုကဲ့သို့သော အစီရင်ခံစာများတွင် လုပ်လေ့ရှိသည့်အတိုင်း သာမန်ယူဆချက်များ၊ သတိပေးချက်များကို ဖော်ပြခြင်းမဟုတ်ဘဲ ယခု အစီရင်ခံစာသည် အခိုင်အမာ အတည်ပြုထားပြီးဖြစ်သော သတင်းအချက်အလက်များ၊ ဆက်စပ်မှုအသစ်များနှင့် ဂရုတစိုက်ချထားသည့် ကောက်ချက်များကို အသေးစိတ်ရောနှောပြီး အဓိကအချက်များတွင် ဆက်လက် သုတေသနပြုရမည့် နယ်ပယ်များကိုလည်း ဖော်ပြထားသည်။ သေချာသောအချက်မှာ ထိုအစီရင်ခံစာသည် ကပစအကြောင်း အတိအကျဖော်ပြထားခြင်း မဟုတ်သော်လည်း ကြိုဆိုရမည့် ပထမဆုံး ထိုးနက်ချက်သာဖြစ်သည်ဆိုသည့် အချက်ပင်ဖြစ်သည်။

ယခုအစီရင်ခံစာသည် ကပစ စက်ရုံများ၊ ကုန်ထုတ်လုပ်ရန် ပံ့ပိုးနေပြီး နိုင်ငံအများအပြားတွင် တည်ရှိသည့် များပြားလှသော တရားစီရင်ပိုင်ခွင့်များအောက်မှ လွန်စွာရှုပ်ထွေးပြီး အလွှာလိုက်ရှိနေသော လိုင်စင်ပေးသူများ၊ ကုန်ကြမ်းပေးသူများ၊ ထုတ်လုပ်သူများနှင့် ဖြန့်ချိသူများစသည့် အစိုးရနှင့်ပုဂ္ဂလိက ကုမ္ပဏီများ၏ ကွန်ရက်အပေါ်ယံမျှကို တူးဆွခြင်းဖြစ်သည်ဟု SAC-M က ကောက်ချက်ချထားသည်။

ထိုအစီရင်ခံစာမှ အသေးစိတ်များသည် မီးခိုးထွက်နေသော သေနတ်ပြောင်းတခုသာ။ သို့သော် ကုန်စည်ပံ့ပိုးသည့် ကွင်းဆက်များကို ပိတ်ပင်ခြင်းနှင့် ထုတ်လုပ်သည့် နေရာများကို ဟန့်တားခြင်းသည် အရေးပါသော အားထုတ်မှုဖြစ်သည်။ သို့သော် ထိုသို့လုပ်ဆောင်ခြင်းသည် လက်နက်ရောင်းချမှုပိတ်ပင်ခြင်း ဖြစ်လာမည်ဟု ယူဆမည်ဆိုလျှင်ပင် အလဲထိုးနိုင်လိမ့်ဦးမည် မဟုတ်ပေ။ သို့သော် စစ်တပ်၏ စွမ်းရည်များ ရေရှည်တွင် ထိခိုက်အောင် လုပ်ရာတွင် အကျိုးပြုနိုင်သည်။

သေဆုံးမှုအရေအတွက်၊ သိမ်းပိုက်မိသော စခန်းအရေအတွက်၊ သုံ့ပန်းအရေအတွက်၊ လက်ဖြောင့်တပ်သားက အရာရှိများကို ပစ်ခတ်ခြင်း၊ သိမ်းပိုက်မိသော လက်နက်ခဲယမ်း၊ တိုးမြှင့်လာသည့် လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်၊ လေယာဥ်ဆီရရှိမှု လျှော့ချခြင်း၊ စစ်ဆင်ရေးဒေသ တိုးချဲ့ခြင်း စသည့် ပဋိပက္ခနှင့်ပတ်သက်သည့် စာရင်းများသည် ပိုမိုကျယ်ပြန့်သော ရုပ်ပုံကား တည်ဆောက်ရေးအတွက် အရေးပါသော်လည်း သီးခြားခွဲထားပြီး အဓိကအပြောင်းအလဲအတွက် ထူးခြားသောလမ်းကြောင်းအဖြစ် တင်ပြခြင်းသည် လမ်းကြောင်းလွဲစေသည်။

ကပစ၏ စွမ်းရည်ကို ရုပ်သိမ်းရေး ဘက်စုံစီမံကိန်းအတွက် ညီညွတ်ရေးတပ်ဦး သေနင်္ဂဗျူဟာ လိုအပ်သော်လည်း NUG သည် ထိုသို့သောအားထုတ်မှုကို ညှိနှိုင်းရန် သို့မဟုတ် ဖော်ထုတ်နိုင်သောစွမ်းရည် မရှိဖြစ်နေပုံရသည်။

စစ်ကောင်စီဆန့်ကျင်ရေး ကျယ်ပြန့်သောလှုပ်ရှားမှုကို ထိရောက်စွာ ထိန်းချုပ်ရေးဆိုင်ရာ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလက လမ်းလွဲစေသည့် အစီရင်ခံစာ ထုတ်ပြန်ပြီးနောက်ပိုင်း ယခု ကပစ အစီရင်ခံစာသည် SAC-M ၏ အဆင့်အတန်းကို ပြန်လည်မြင့်မားစေသည်။ ထိုစဉ်က အစီရင်ခံစာတွင် စစ်ကောင်စီသည် နိုင်ငံ၏ ၁၇ ရာခိုင်နှုန်းကိုသာ ထိန်းချုပ်နိုင်ပြီး NUG နှင့် ခုခံတော်လှန်ရေး အင်အားစုများက နိုင်ငံ၏ ၅၂ ရာခိုင်နှုန်းကို ထိန်းချုပ်ထားသည်ဆိုသည့် လက်မခံနိုင်စရာ NUG ၏ ပြောင်ကျသော ဝါဒဖြန့်ချိမှုကို ဖော်ပြထားသည်။

မြန်မာတနိုင်ငံလုံးမှ ကာလကြာမြင့်စွာ ခံစားနေရသော ပြည်သူများသို့ မှားယွင်းသော မျှော်လင့်ချက်များကို ရောင်းချသည့် တာဝန်မဲ့သော စီမံကိန်းတခုသာဖြစ်ပြီး ထိုပြောကြားချက်များကို ဝေဖန်စမ်းစစ်မှုမရှိဘဲ ထောက်ခံသည့် အတွေးအခေါ်မရှိသော နိုင်ငံတကာအဖွဲ့အစည်းများမှ လူများကြောင့် အခြေအနေကို ပိုမိုဆိုးရွားစေသည်။

၂၀၂၂ ခုနှစ် နှစ်လယ်က အောင်ပွဲနီးကပ်လာပြီဆိုသည့် တွစ်တာတွင် ရေးသားမှုများနှင့် ဝါရှင်တန် ဒီစီအခြေစိုက် သုတေသနလုပ်ငန်းတခုက စစ်တပ်သည် ပြိုကွဲတော့မည့် နောက်ဆုံး အခြေအနေ ရောက်နေသည်ဆိုသည့် ပြောဆိုချက်များ ရှိသော်လည်း စစ်တပ်ကို ဖြုတ်ချရန် လျှောက်လှမ်းရမည့် ရှည်လျားသော ခရီးတခု ရှိနေသေးသည်။

အနောက်နိုင်ငံများသည် ခုခံတော်လှန်ရေး အင်အားစုများကို လက်နက်တပ်ဆင်ပေးမည့်အစား အစိုးရထိန်းချုပ်သည့် ကုမ္ပဏီမှဖြစ်စေ၊ ပုဂ္ဂလိက ကုမ္ပဏီများမှဖြစ်စေ ကပစကို ပံ့ပိုးမှုများ ရပ်ဆိုင်းရန် ထိုင်ဝမ်၊ ယူကရိန်း၊ အစ္စရေးနှင့် စင်ကာပူမှ မဟာမိတ်များကို ဖိအားပိုမိုပေးနိုင်သည်။

နိုင်ငံများသည် ကပစသို့ အထောက်အပံ့များ စီးဆင်းမှု အပြင်းအထန် ထိခိုက်စေရန် နိုင်ငံရေးဖိအား သို့မဟုတ် ထောက်လှမ်းရေးစွမ်းရည် ပေးနိုင်သည်။ အနောက်တိုင်း အကူအညီများသည် တော်လှန်ရေးကို INGO ပုံစံသွင်းခြင်းအား ရှောင်ရှားနိုင်ပြီး ကပစ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းကို ဖော်ထုတ်ရန်နှင့် တားဆီးရန် ပိုမိုထိရောက်သောနည်းလမ်း ရှာဖွေပေးနိုင်သည်။

SAC-M ၏ ယခုအစီရင်ခံစာက နိုင်ငံတကာအရေးယူဆောင်ရွက်မှု ပြတ်ပြတ်သားသား တောင်းဆိုသည့်ပုံစံ ရေးသားထားပြီး အခြေအနေကို ဖော်ထုတ်အကူအညီပေးရန်ဟု မှတ်ယူနိုင်သည်။ ထို့ပြင် အလှူရှင်ကျေနပ်စေမည့် ခမ်းနားသော သရုပ်ခွဲ လေ့လာမှုများမှသည် စစ်တပ်၏ လက်နက်ထုတ်လုပ်မှု စွမ်းရည်ကို ထိခိုက်စေရန် ပြည်တွင်း တော်လှန်ရေး အင်အားစုများအတွက် ခိုင်မာသော ထောက်လှမ်းရေးသတင်းပေးရေးဆီသို့ ပြောင်းလဲသွားခြင်းလည်း ဖြစ်သည်။

နိုင်ငံတကာဖိအားသည် တန့်နေပြီဖြစ်သည်။ တိုက်ပွဲကို ပြည်တွင်းထောက်ခံမှု ရေရှည်ခိုင်မာစေရန် မြှင့်တင်ရမည် ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရန် နည်းလမ်းကို နောက်ထပ် ဖက်ဒရယ်ရေးရာ အလုပ်ရုံဆွေးနွေးပွဲတွင်ဖြစ်စေ၊ ဒေသအုပ်ချုပ်ရေးအတွက် နောက်ထပ်ရန်ပုံငွေ ထောက်ပံ့မှုတွင်ဖြစ်စေ ရှာတွေ့မည်မဟုတ်ပေ။ ထိုနည်းလမ်းမှာ စစ်တပ်က အရှုံးပေးလာသည်အထိ စစ်တပ်နှင့် ၎င်း၏ထောက်ပံ့ရေးစနစ်များကို အဆက်မပြတ် ပစ်မှတ်ထားခြင်းသာ ဖြစ်သည်။

*(Asia Times မှ David Scott Mathieson ၏ Targeting Myanmar's factories of death ကို ဘာသာပြန် ဖော်ပြသည်။ David Scott Mathieson သည် မြန်မာဆိုင်ရာ ပဋိပက္ခ၊ လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေး ပြဿနာကို လေ့လာသည့် လွတ်လပ်သော သုတေသီဖြစ်သည်။)*

https://burma.irrawaddy.com/opinion/viewpoint/2023/01/18/257408.html

------------------------------------------------------------------------------------------

## လွတ်လပ်ရေးနေ့မှာ ပြသွားတဲ့ ဒုံးပျံစနစ် အသစ်နဲ့ တင့်ကား

By Otto | 18 January 2023

ကမ္ဘာပေါ်က အာဏာရှင် လက်ကိုင်တုတ် စစ်တပ်အများစုဟာ အကြီးစား စစ်လက်နက်ကြီးတွေကို လှည့်လည်ပြသ ဗိုလ်ရှုခံတဲ့ စစ်ရေးပြပွဲကြီးတွေ ကျင်းပလေ့ရှိပါတယ်။

ရုရှားစစ်တပ် (ယခင်ဆိုဗီယက် ပြည်ထောင်စု)၊ တရုတ်၊ မြောက်ကိုရီးယား၊ အီရန်စတဲ့ စစ်တပ်တွေဟာ သူတို့မှာ ပိုင်ဆိုင်တဲ့ စစ်လက်နက်တွေကို တင်ဆောင်ပြီး စစ်ရေးပြ အခမ်းအနားတွေ လုပ်လေ့ ရှိပါတယ်။

ဒီစစ်ရေးပြပွဲတွေကနေတဆင့် နိုင်ငံတကာကို သူတို့မှာ ဘယ်လိုလက်နက်စနစ်တွေ ပိုင်ဆိုင်နေပြီ ဖြစ်ကြောင်းပြပြီး အားစမ်းလေ့ ခြိမ်းခြောက်လေ့ ရှိတဲ့ ဓလေ့လည်း ရှိကြပါတယ်။

အာဏာသိမ်း စစ်ကောင်စီတပ်ဟာလည်း အလားတူပဲ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့နဲ့ မတ်လ ၂၇ ရက် ဖက်ဆစ် တော်လှန်ရေးနေ့များမှာ ထိုသို့သော စစ်ရေးပြပွဲကြီးတွေကို လုပ်လေ့ ရှိပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၃ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့မှာ အာဏာသိမ်း စစ်ကောင်စီ ဥက္ကဋ္ဌ မင်းအောင်လှိုင် ကိုယ်တိုင် ဗိုလ်ရှု ထွက်ခံတဲ့ စစ်ရေးပြပွဲကြီးကို စစ်ဗိုလ်ချုပ်တွေ ရုံးစိုက်ရာ နေပြည်တော်မှာ ကြီးကြီးမားမား လုပ်ခဲ့ပါတယ်။

ဒီစစ်ရေးပြပွဲဟာ အခြားသော အာဏာရှင်စစ်တပ်များနည်းတူပဲ လက်နက်စနစ်အသစ်တချို့ကို ပြပါတယ်။ ဒီ လက်နက်စနစ်တွေထဲကမှ တော်လှန်ရေးတပ်ဖွဲ့တွေကို အန္တရာယ်ပေးလာနိုင်တယ့် လက်နက်စနစ် နှစ်မျိုးကို ဆွေးနွေးသွားလိုပါတယ်။



၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက် နေပြည်တော် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် တွေ့ရသော SY-300 ပဲ့ထိန်း အတွဲလိုက်ဒုံးပျံတင်ကားများ

ပထမလက်နက်စနစ်တမျိုးကတော့ တရုတ်လုပ် SY-300 ပဲ့ထိန်း အတွဲလိုက်ဒုံးပျံစနစ်ပဲ ဖြစ်ပါတယ်။ စစ်ကောင်စီတပ်ဟာ ၂၀၁၇ ကာလလောက်ကတည်းက ဒီဒုံးပျံတွေကို ဝယ်ယူဖို့ မျက်စိကျနေတယ်လို့ သတင်းထွက်နေခဲ့ပါတယ်။

၂၀၂၀ ခုနှစ်အတွင်း နိုင်ငံတကာ ကာကွယ်ရေး လေ့လာသုံးသပ်သူ အသိုင်းအဝိုင်းမှာ မြန်မာစစ်တပ်ဟာ SY-400 အမျိုးအစားဒုံးပျံစနစ်တွေ ဝယ်ယူသွားတယ်လို့ သတင်းထွက်ခဲ့ပေမယ့် အတည်မပြုနိုင်ရာကနေ ဒီစစ်ရေးပြပွဲအရ SY -300 ဒုံးပျံစနစ်ကိုသာ ဝယ်သွားတာဖြစ်တယ်လို့ သုံးသပ်နိုင်ပါတယ်။

SY – 300 ဟာ တရုတ်ရဲ့ Weishi (WS) အတွဲလိုက်ဒုံးပျံစနစ်ကနေ ထုတ်လုပ်ထားတယ့် ဆင့်ပွားမျိုးကွဲတခု ဖြစ်ပါတယ်။ WS ဒုံးပျံစနစ်ကို တရုတ်နိုင်ငံ ချိန်တူမြို့ (Chengdu) အခြေစိုက် Sichuan Aerospace Industrial Corporation က ၁၉၉၀ ခန့်ကတည်းက မျိုးကွဲအမျိုးမျိုးနဲ့ ထုတ်လုပ်နေတယ့် ဒုံးပျံစနစ်ဖြစ်ပြီး SY-300 ဟာ နည်းပညာအဆင့်အတန်းအရ WS-2 နဲ့ WS-3 မျိုးကွဲကြားက ဒုံးပျံစနစ်တခုဖြစ်တယ်လို့ ပြောကြပါတယ်။

SY – 300 ဟာ တရုတ်ရဲ့ Baidu ဂြိုလ်တုတွေကို အခြေပြုထားတဲ့ GPS စနစ်ရော အရှိန်နဲ့ ပဲ့ထိန်းတဲ့ INS စနစ် (Inertia Navigation System) နှစ်မျိုးကို တွဲစပ်အသုံးပြုထားလို့ တိကျစွာပစ်ခတ်လို့ရတဲ့ ပဲ့ထိန်းဒုံးပျံစနစ် ဖြစ်တယ်လို့ တရုတ်ဘက်က ဆိုပါတယ်။

၃၀၀ မမ အရွယ်အစား ဒုံးပျံတွေ တပ်ဆင်ပစ်ခတ်နိုင်တာမိုလို့ စစ်ကောင်စီတပ်အတွက် အကြီးဆုံး ဒုံးပျံစနစ် ဖြစ်လာမှာ ဖြစ်ပါတယ်။




၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက် နေပြည်တော် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် တွေ့ရသော MMT- 40 တင့်ကား

ယမ်းချိန် ၁၅၀ ကီလိုဂရမ်အထိရှိတဲ့ ဒုံးပျံထိပ်ဖူးတွေတပ်ဆင်နိုင်ပြီး အကွာအဝေးအားဖြင့် ၄၀ ကီလိုမီတာ ကနေ ၁၃၀ ကီလိုမီတာ အထိဝေးတဲ့ ပစ်မှတ်တွေကို ပစ်ခတ်နိုင်တယ်လို့ ဆိုပါတယ်။ ဒုံးပျံရဲ့လွဲမှားနိုင်ခြေက(Circular Error Probability) မီတာ ၃၀ လို့ဆိုတဲ့အတွက် အတော်အတန် တိကျတယ်လို့ ဆိုနိုင်ပါတယ်။

စစ်ကောင်စီမှာ လောလောဆယ် ၁၂၂ မမနဲ့ ၂၄၀ မမ အတွဲလိုက်ဒုံးပျံစနစ်တွေကို ပိုင်ဆိုင်ထားပြီး စစ်မြေပြင်တွေမှာလည်း ထိထိရောက်ရောက် အသုံးပြုနေပါတယ်။ ၂၄၀ မမ အတွဲလိုက် ဒုံးပျံတွေကို စစ်တပ်က အာဏာမသိမ်းမီ ရခိုင်ပြည်နယ်မှာ AA နဲ့ ဖြစ်ခဲ့တဲ့ တိုက်ပွဲတွေ စစ်အာဏာသိမ်းပြီးတဲ့နောက် ကရင်နီပြည်နယ် ဒီမော့ဆိုဒေသက PDF တွေကို တိုက်ခိုက်ရာ မှာ စစ်ကောင်စီဘက်က သုံးစွဲခဲ့ပြီး ဖြစ်ပါတယ်။

ဒီ SY – 300 ဒုံးပျံစနစ်ဟာ ရှေ့နှစ်တွေမှာ တော်လှန်ရေး တပ်ဖွဲ့တွေကို ဒုက္ခကြီးကြီးမားမား ပေးလာနိုင်တဲ့ လက်နက်စနစ် တခု ဖြစ်လာနိုင်တာ အသေအချာပဲ ဖြစ်ပါတယ်။

နောက်ထပ်ပြသသွားတဲ့ လက်နက်ကတော့ စစ်ကောင်စီရဲ့ ကိုယ်ပိုင်ထုတ် ကိုယ်ပိုင်ဒီဇိုင်းဆိုတဲ့ အပေါ့စား တင့်ကား (သို့) တင့်ဖျက်သံချပ်ကာယာဉ်ပဲ ဖြစ်ပါတယ်။ ဒီတင့်မကျ သံချပ်ကာမကျ တိုက်ယာဉ်ကို MMT- 40 လို့ စစ်ကောင်စီ အသိုင်းအဝိုင်းက ခေါ်ဆိုနေပါတယ်။

စစ်ကောင်စီတပ်ဟာ ၂၀၁၀ ပြည့်လွန်နှစ်များကတည်းက ကိုယ်ပိုင်ဒီဇိုင်း ကိုယ်တိုင်ထုတ်လုပ်မှုဆိုတာတွေ ကျယ်ကျယ်လောင်လောင်ပြောနေခဲ့တာ ဖြစ်ပါတယ်။ ဖရီးဂိတ်စစ်ရေယာဉ်တွေ အမြန်သွား တိုက်ခိုက်ရေး စစ်ရေယာဉ် ဒီဇိုင်းဆွဲထုတ်လုပ်ရာကနေ ဒီနှစ်အတွင်းမှာ MTX – 1A နဲ့ MTX – 1B အမောင်းသင်လေယာဉ်တွေ ထုတ်လုပ်ပါတယ်လို့ ကြေညာတဲ့အထိ ခြေလှမ်းကြဲနေခဲ့ပါတယ်။

ဒါပေမယ့်လည်း ဒီတိုက်ယာဉ်ဟာ ဆိုဗီယက်နဲ့ တရုတ်စစ်တပ်က အပေါ့စားတင်နဲ့ သံချပ်ကာယာဉ်နှစ်စင်းကို ရောသမမွှေပြီး ထုတ်လုပ်ထားတာပဲဖြစ်ပါတယ်။ တိတိကျကျ ပြောရရင် ဆိုဗီယက် ချိန်းတပ်သံချပ်ကာယာဉ်ကိုယ်ထည်ကို တရုတ်အမြောက်ဆုံလည်တင်ထားတယ့် ရောသမမွှေ တိုက်ယာဉ်တစင်း ဖြစ်ပါတယ်။

MMT-40 ရဲ့ ကိုယ်ထည်ဟာ ဆိုဗီယက်ခေတ်ထုတ်လုပ်ထားတယ့် 2S1 Gvozdika လို့ ခေါ်တဲ့ ၁၂၂ မမ အမြောက်တင် သံချပ်ကာယာဉ် ဖြစ်ပြီး ဒီဇိုင်း အနည်းငယ်ပြောင်း ထပ်ပိုးသံချပ်ကာအချို့ တပ်ဆင်ထားတာသာ ဖြစ်ပါတယ်။

အမြောက်ဆုံလည်ကတော့ တရုတ်စစ်တပ်က PTLO2 Assaulter သံချပ်ကာယာဉ်က ၁၀၅မမ အမြောက်ဆုံလည်ကို တင်ထားတာ ဖြစ်ပါတယ်။

စစ်ကောင်စီအတွက် ဒီလိုဘုရားစူး ကိုယ်ပိုင်ဒီဇိုင်း စစ်လက်နက်ပစ္စည်းထုတ်လုပ်မှုတွေဟာ မထူးဆန်းပါဘူး။ စစ်ကောင်စီ ရဲ့ကိုယ်ပိုင်ဒီဇိုင်း MTX – 1A လေယာဉ်ဟာ တရုတ်အမောင်းသင်လေယာဉ်ကို ကော်ပီကူးချထားတာပဲ ဖြစ်ပါတယ်။

ဒီယာဉ်တွေဟာ အများအပြား ထုတ်လုပ်လာနိုင်ရင် တိုက်ရိုက်ပစ်ကူအတွက် ထိထိရောက်ရောက် အသုံးချလို့ ရတဲ့ ယာဉ်တွေဖြစ်ပြီး ပစ်အားနဲ့ ထိန်းချုပ်ပြီး စခန်းသိမ်း တိုက်ပွဲဆင်နွှဲတာနဲ့ နယ်မြေစိုးမိုးရေး စစ်ဆင်ရေးများမှာလည်း ထိထိရောက်ရောက် အသုံးချလာနိုင်တဲ့ယာဉ်တွေ ဖြစ်ပါတယ်။

ဒီတော့ ဒီလက်နက်စနစ်အသစ် နှစ်မျိုးဟာ စစ်ကောင်စီစစ်တပ်ရဲ့ ရှေ့လျှောက် စစ်မြေပြင်တွေမှာ တွေ့လာရနိုင်တဲ့ လက်နက်တွေဖြစ်ပါတယ်။ တော်လှန်ရေးတပ်ဖွဲ့များကို အထူး ဒုက္ခပေးလာနိုင်တဲ့ လက်နက်ဖြစ်ပါတယ်လို့ သတိပေးလိုပါတယ်ခင်ဗျား။

https://burma.irrawaddy.com/article/2023/01/18/257404.html

---------------------------------------------------------------------------------------

## စစ်ပွဲအောင်နိုင်ရေး စစ်ကောင်စီလေတပ် ရက်ရက်စက်စက် ပစ်ခတ်နေ

By Anthony Davis | 18 January 2023

စစ်ကောင်စီသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုအပေါ် လက်နက်ကိုင်ခုခံမှုလှိုင်းကို ထိန်းချုပ်ရန် ရုန်းကန်နေရချိန်တွင် ၎င်း၏ ပြိုင်ဘက်ကင်းသော လေကြောင်းစွမ်းအားသည် ပြည်တွင်းစစ်တွင် အဓိကကျသည့် စွမ်းအားတခု ဖြစ်လာသည်။ ၂၀၂၃ ခုနှစ် အစဦးတွင် နှစ်ဘက်လုံး ရင်ဆိုင်နေရသော မေးခွန်းမှာ မြန်မာလေတပ်၏ တိုးတက်လာသော စွမ်းရည်သည် အဆုံးအဖြတ် ပေးနိုင်၊ မပေးနိုင်ဆိုသောကိစ္စ ဖြစ်သည်။

ပွင့်လင်းရာသီတွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာမည်မှာ သေချာသလောက် ဖြစ်နေချိန်တွင် လေ့လာသူများနှင့် သုတေသီများက မြန်မာလေတပ်၏ ပုံးကြဲတိုက်ခိုက်မှုများသည် အကွဲကွဲအပြားပြား ဖြစ်နေသေးသော ဖက်ဒရယ် ဒီမိုကရက်တစ် လက်နက်ကိုင်ဆန့်ကျင်မှု၏ တိုးတက်မှုကို ရပ်တန့်စေပြီး ဆုံးဖြတ်ချက်ကို ရိုက်ချိုးနိုင်ကာ လက်ရှိအချိန်တွင် အမျိုးမျိုးသော လက်နက်ကိုင်ပုန်ကန်သူများက ထိန်းချုပ်ထားသည့် ကျယ်ပြန့်သော ဒေသများတွင် စစ်ကောင်စီ ထိန်းချုပ်မှု ပြန်လည်ထူထောင်ရန် လုံလောက်ပါသလားဟု မေးခွန်းထုတ်လာကြသည်။

လူအသေအပျောက်များသည့် အရပ်သားများအပေါ် လေကြောင်းတိုက်ခိုက်မှုများ၊ အထူးသဖြင့် တုန်လှုပ်စရာ အကောင်းဆုံးဖြစ်သည့် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်တွင် စက်တင်ဘာလက လေကြောင်းတိုက်ခိုက်မှုနှင့် အောက်တိုဘာလက ကချင်ပြည်နယ် ဖားကန့်မြို့နယ်အနီး ဂီတပွဲတခုကို လေကြောင်းတိုက်ခိုက်မှုသည် စစ်ကောင်စီက အရပ်သားများ အစုလိုက်အပြုံလိုက် သေဆုံးမှုကို လုံးဝ ဂရုမစိုက်ကြောင်း ပြသနေသည်။



၂၀၁၉ ခုနှစ်က မိတ္ထီလာတွင် လေ့ကျင့်ရေး လုပ်နေသည့် စစ်ကောင်စီ ဂျက်လေယာဉ် နှစ်စင်း / စစ်ကောင်စီ

လာမည့်လများတွင် လေကြောင်းမှ ရက်စက်ကြမ်းကြုတ်မှုများ ပိုမိုဖြစ်လာမည်ဟု မျှော်လင့်ရပြီး စစ်ဖြစ်မှုအပေါ် လူထုထောက်ခံမှုကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားပြီး ငြိမ်းချမ်းရေး ကမ်းလှမ်းထားသည့် အင်အားကြီးမားသော တိုင်းရင်းသားလက်နက်ကိုင်များ (EROs) နှင့် ဗမာဦးဆောင်သည့် ပြည်သူ့ကာကွယ်ရေးတပ်များ (PDFs) ကို သွေးခွဲသည့် သေနင်္ဂဗျူဟာ၏ တစိတ်တပိုင်းအဖြစ် ဆောင်ရွက်ခြင်းဖြစ်နိုင်သည်။ PDFs များကိုမူ ချေမှုန်းပစ်ရမည့် အကြမ်းဖက်သမားများအဖြစ် တံဆိပ်ကပ်ထားသည်။

သို့သော် နိုင်ငံတကာ ပြစ်တင်ရှုတ်ချမှုများဖြစ်စေသည့် အရပ်သားများကို လေကြောင်းတိုက်ခိုက်မှုများသည် စစ်ကောင်စီ၏ စစ်ရေးအားထုတ်မှုတွင် အဓိကဖြစ်လာသည့် ပိုပိုကျယ်ပြန့်သော စစ်ဆင်ရေး၏

အစိတ်အပိုင်းဖြစ်လာသည်။ ၂၀၂၂ ခုနှစ် နှစ်လယ်မှစတင်ပြီး လေတပ်သည် PDFs များနှင့် ၎င်းတို့၏ မဟာမိတ်တိုင်းရင်းသားလက်နက်ကိုင် တပ်မတော်များ၏ တိုက်ခိုက်မှုများကို ပြန်လည် တိုက်ခိုက်ရန်သာမက ERO များ၏ အခြေစိုက် စခန်းများ၊ ကွပ်ကဲရေးဌာနများနှင့် စီးပွားရေး ရင်းမြစ်များကိုပါ မကြုံဖူးသော လျင်မြန်မှုဖြင့် တိုက်ခိုက်ရန် ရည်ရွယ်သည့် နေ့စဉ်လေကြောင်းတိုက်ခိုက်မှု အရှိန်ကို အကြီးအကျယ် မြှင့်တင်လိုက်သည်။

*သို့သော် နိုင်ငံတကာ ပြစ်တင်ရှုတ်ချမှုများဖြစ်စေသည့် အရပ်သားများကို လေကြောင်းတိုက်ခိုက်မှုများသည် စစ်ကောင်စီ၏ စစ်ရေးအားထုတ်မှုတွင် အဓိကဖြစ်လာသည့် ပိုပိုကျယ်ပြန့်သော စစ်ဆင်ရေး၏ အစိတ်အပိုင်းဖြစ်လာသည်။*

ကချင်၊ ကရင်၊ ကရင်နီ၊ ရှမ်းနှင့် ချင်းပြည်နယ်များသည် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများကို အဓိက ခံစားရပြီး နောက်ဆုံးလေကြောင်းတိုက်ခိုက်မှုများတွင် ဇန်နဝါရီလ ၁၀ ရက်နေ့က အိန္ဒိယနယ်စပ် ချင်းအမျိုးသားတပ်မတော် (CNA) ၏ ဝိတိုရိယစခန်း ဌာနချုပ်ကို ပထမဆုံးအကြိမ် ဗုံးကြဲတိုက်ခိုက်သည်။

### လေကြောင်းစွမ်းရည်ပြသ

ဒီဇင်ဘာလ ၁၅ ရက်နေ့ မြန်မာလေတပ် ၇၅ နှစ်ပြည့် အခမ်းအနားတွင် ပြသခဲ့သော တိုက်ခိုက်ရေးလေယာဉ် အရေအတွက် မှန်မှန်တိုးပွားလာခြင်းသည် ၂၀၂၂ ခုနှစ်တွင် တွေ့မြင်ရသည့် မြန်မာလေတပ်စွမ်းရည် သိသိသာသာ တိုးတက်မှုတွင် အခြေခံအချက်တခု ဖြစ်သည်။

စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင် ကမကထပြုသည့် ထိုအခမ်းအနားတွင် ရုရှားထံမှ ၂၀၁၈ ခုနှစ်က ဝယ်ယူထားပြီး စတင်အသုံးပြုသည့် Sukhoi SU-30 ဂျက်တိုက်လေယာဉ်သစ် ၆ စင်းကို ပထမဆုံးပြသပြီး ယခုအခါ မြန်မာလေတပ်အတွက် ဂုဏ်ယူစရာ ပိုင်ဆိုင်မှုဖြစ်နေသည်။

ထိုစဉ်ကပြသထားသည့် လေယာဉ်များတွင် အင်ဂျင်တလုံးတပ်၊ နှစ်ယောက်စီး အပေါ့စား တရုတ်လုပ် တိုက်ခိုက်ရေးလေယာဉ် FTC-2000Gs အသစ် ၅ စင်းလည်းပါဝင်ပြီး ၎င်းတို့သည် ယခုခေတ်တွင် အသုံးမဝင်တော့သည့် ရှေးဆိုဗီယက်ခေတ် Mig-21 ကို ပုံတူကူးထားသည့် F-7 'Airguard' ကြားဖြတ်လေယာဉ်များနှင့် A-5 'Fantan' မြေပြင်တိုက်ခိုက်ရေး ဂျက်လေယာဉ်များ နေရာတွင် အစားထိုးဝင်ရောက်လာမည်ဖြစ်သည်။

အခြားသောလေတပ်များက အသုံးမပြုတော့သောကြောင့် ခေတ်မမီတော့ဘဲ ဈေးသက်သာသည့် လေယာဉ်အဟောင်းများကိုလည်း စတင်ပေါင်းထည့် အသုံးပြုခဲ့သည်။ အံ့သြစရာကောင်းသည်မှာ ထိုလေယာဉ်ဟောင်းများတွင် F-7 တစင်း ပါဝင်နေပြီး သက်တမ်း ရင့်နေသော်လည်း အသစ်ဝယ်ယူထားသည့် အဆင့်မြှင့်တင်ထားသော ကိုယ်ထည်များ တပ်ဆင်ထားသည့် လေယာဉ်ဖြစ်နိုင်သည်။ ထို့အပြင် K-8 Karakorum အမောင်းသင်နှင့် အပေါ့စားတိုက်ခိုက်ရေးလေယာဉ် ၄ စင်းလည်း ပါဝင်သည်။ ထိုအမျိုးအစားကို မြန်မာလေတပ်က အသုံးပြုနေသည်မှာ ဆယ်စုနှစ်များစွာ ကြာပြီဖြစ်သော်လည်း နောက်ထပ် လိုအပ်နေသည့် လေယာဉ်အမျိုးအစား ဖြစ်ပုံရသည်။

ထိုပြပွဲတွင် တွေ့ရသည့် လေယာဉ်တစီးမှာ သက်တမ်းရင့်နေသည့် အမောင်းသင်/မြေပြင် တိုက်ခိုက်ရေး SOKO G-4 Super Galeb တစီးဖြစ်သည်။ ထိုလေယာဉ်ကို ယူဂိုဆလားဗီးယား နိုင်ငံအဖြစ်တည်ရှိစဉ်က ဝယ်ယူထားခြင်းဖြစ်သည်။ ဘန်ကောက်အခြေစိုက် စစ်ရေးသုတေသီတဦးက "ဒီလေယာဉ်တွေက ပျံသန်းပြီး ဗုံးကြဲလို့ ရရင်ပြီးရောဆိုပြီး ရှာထားတဲ့ လေယာဉ်တွေဖြစ်ပုံရတယ်" ဟု လှောင်ပြောင် မှတ်ချက်ချသည်။

လေကြောင်းအသာစီး ရစေပြီး ပြည်ပကျူးကျော်မှုကို တားဆီးရန် ထုတ်လုပ်ထားသည့် စွမ်းဆောင်ရည် မြင့်မားသော စတုတ္ထမျိုးဆက်လွန် တိုက်လေယာဉ် SU-30 အသစ်များကို ကျေးရွာများအား ဗုံးကြဲရာတွင် သုံးမည်၊ မသုံးမည်ကို

စောင့်ကြည့်ရဦးမည် ဖြစ်သည်။ ရုရှားလုပ် Sukhoi လေယာဉ်များကို ထည့်မတွက်လျှင် စစ်ကောင်စီလေတပ်၏ မြေပြင်တိုက်ခိုက်ရေး လေယာဉ်များသည် အံ့သြစရာကောင်းလောက်အောင် အမျိုးအစား ကွဲပြားနေပြီး ရှေးဟောင်းလေယာဉ်များ ဖြစ်နေသည်။

*အခြားသောလေတပ်များက အသုံးမပြုတော့သောကြောင့် ခေတ်မမီတော့ဘဲ ဈေးသက်သာသည့် လေယာဉ် အဟောင်းများကိုလည်း စတင်ပေါင်းထည့် အသုံးပြုခဲ့သည်။ အံ့သြစရာကောင်းသည်မှာ ထိုလေယာဉ်ဟောင်းများတွင် F-7 တစင်း ပါဝင်နေပြီး သက်တမ်း ရင့်နေသော်လည်း အသစ်ဝယ်ယူထားသည့် အဆင့်မြှင့်တင်ထားသော ကိုယ်ထည်များ တပ်ဆင်ထားသည့် လေယာဉ်ဖြစ်နိုင်သည်။*

ထိုသို့ လေယာဉ်မျိုးစုံပါသော လေယာဉ်အုပ်စုတွင် FTC-2000s အသစ်များ၊ ၂၀၁၀ ပြည့်နှစ်များက ဝယ်ယူထားပြီး ဟောင်းနွမ်းနေသည့် လေကြောင်းအသာစီးရရေး တိုက်လေယာဉ် Mig-29 'Fulcrum' များ၊ ၂၀၁၅ ခုနှစ်မှ စတင်ရရှိထားသည့် ပိုမိုသစ်လွင် သေးငယ်ပြီး လွန်စွာလျင်မြန်သည့် Yakovlev Yak-130 များ၊ ဆက်လက် ပျံသန်းနိုင်ဆဲဖြစ်သည့် တရုတ်လုပ် F-7s နှင့် A-5s များနှင့်အတူ သက်တမ်းရင့် K-8 ဂျက် အမောင်းသင် လေယာဉ်များနှင့် ယနေ့တိုင် ဆက်လက်ရှင်သန်နေသည့် ၁၉၇၀ ပြည့်နှစ်များက Super Galebs လေယာဉ် ၃ စင်း ပါဝင်သည်။

တရုတ်-ပါကစ္စတန် ဖက်စပ်ထုတ်လုပ်သည့် JF-17 'Thunder' ဂျက်လေယာဉ်များ ရောက်လာပါက လေယာဉ်အမျိုးအစား ပိုမိုကျယ်ပြန့်လာမည် ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာလေတပ်သည် အင်ဂျင်တလုံးတပ် JF-17 ဘက်စုံသုံး ဂျက်တိုက်လေယာဉ် ပထမအသုတ် ၇ စင်း ပါကစ္စတန်ထံမှ လက်ခံရရှိသည်။ ထိုလေယာဉ်များကို မြေပြင်တိုက်ခိုက်ရေးတွင် အသုံးပြုနိုင်ပြီး ၂၀၁၀ ပြည့်နှစ်များက အာဖဂန်နစ္စတန်နယ်စပ် ပုန်ကန်မှုနှိမ်နင်းရေးတွင် ပါကစ္စတန်လေတပ်က ကျယ်ကျယ်ပြန့်ပြန့်သုံးခဲ့သော လေယာဉ်များဖြစ်သည်။

သို့သော် ထို JF-17 အသစ်များကို ပြဿနာအများအပြားကြောင့် ပျံသန်းခြင်း လုံးဝ မပြုလုပ်နိုင်ကြောင်း ဧရာဝတီ သတင်းဌာနက နိုဝင်ဘာလတွင် ဖော်ပြခဲ့သည်။ မြန်မာလေတပ်သည် ပါကစ္စတန်လေတပ်၏ လေ့ကျင့်ရေးနှင့် နည်းပညာအကူအညီဖြင့် ထိုပြဿနာများကို ဖြေရှင်းရန် ကြိုးစားနေသည်။

မြန်မာလေတပ်က ခက်ခက်ခဲခဲ တည်ဆောက်ထားသည့် ရဟတ်ယာဉ် တပ်ဖွဲ့တွင်လည်း ရုရှားလုပ် Kamov KA-29s ရဟတ်ယာဉ်များဖြင့် အားဖြည့်ထားသည်။ ပထမဆုံး မှာယူထားသည့် ထိုရဟတ်ယာဉ် ၅ စင်းအနက် ၂ စင်းသည် ဒီဇင်ဘာလအတွင်းက ပြေးလမ်းပေါ် ရောက်လာခဲ့သည်။ အဆိုပါ ထူးခြားသော တောင်ပံနှစ်ထပ် တပ်ဆင်ထားသည့် ရဟတ်ယာဉ်များကို တိုက်ခိုက်ရေးတွင်သာမက တပ်ဖွဲ့သယ်ယူပို့ဆောင်ရေးတွင်လည်း အသုံးပြုနိုင်သည်။ တောင်ပံနှစ်ထပ် တပ်ဆင်ထားသောကြောင့် တည်ငြိမ်မှုနှင့် လှုပ်ရှားနိုင်မှု ပိုမိုကောင်းမွန်သည်။

KA-29s များသည် Mi-17 'Hip' သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် ၂၀ ခန့်နှင့် 10 Mi-24 'Hind' တိုက်ခိုက်ရေး ရဟတ်ယာဉ် ၁၀ စီးခန့်ဖြင့် ဖွဲ့စည်းထားသည့် မြန်မာလေတပ်၏ ရဟတ်ယာဉ်တပ်ဖွဲ့အပေါ် ကြီးထွားလာနေသည့် ဖိအားကို သက်သာစေသည်။ အာဖဂန်မှ ဆိုဗီယက်စစ်ပွဲတွင် စတင်အသုံးပြုခဲ့သော ကြံ့ခိုင်သည့် Mi-24 'Hind' ရဟတ်ယာဉ်များသည် ပြည်ပသို့ တင်ပို့မှုအများဆုံးနှင့် စစ်မြေပြင်တွင် စမ်းသပ်မှု ခံနိုင်ရည်အရှိဆုံး ရဟတ်ယာဉ်များဖြစ်သည်။

### ပိုမိုအသာရလာခြင်း

ထိုလေယာဉ်များ၏ အင်အားတောင့်တင်းသော လှုပ်ရှားမှုကို အထောက်အကူပြုနေသည်မှာ လာမည့်လများတွင် စစ်ကောင်စီလေတပ်စွမ်းအားကို ပိုမိုအသာစီး ရစေမည်ဟု ယူဆရသည့် အချက် နှစ်ခုဖြစ်သည်။ တချက်မှာ နိုင်ငံတဝန်းတွင် လေတပ်အတွက် ပိုမိုများပြားသည့် လေတပ်စခန်းများ ရရှိလာစေခြင်းဖြစ်သည်။

အဓိကလေတပ်စခန်းများတွင် မြန်မာနိုင်ငံအလယ်ပိုင်း မိတ္ထီလာမြို့ပြင်မှ ရှမ်းတဲ လေတပ်စခန်း၊ ရန်ကုန်မြို့စွန်ရှိ မင်္ဂလာဒုံ လေတပ်စခန်းနှင့် အနောက်ပိုင်းမှ မကွေး လေတပ်စခန်းတို့ ပါဝင်သည်။ သို့သော် မြန်မာလေတပ် လေယာဉ်များသည် ပိုမိုသေးငယ်သည့် လေတပ်စခန်းများဖြစ်သော ရန်ကုန်မြောက်ပိုင်း မှော်ဘီမှ လေတပ်စခန်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီး မော်ဖောင်းရှိ လေတပ်စခန်း၊ မန္တလေးနိုင်ငံတကာလေဆိပ်နှင့် ပူးတွဲတည်ရှိသည့် တံတားဦးလေတပ်စခန်း၊ ရှမ်းပြည်တောင်ပိုင်း နမ့်စန် လေတပ်စခန်း၊ အလယ်ပိုင်း ပဲခူးတိုင်းမှ တောင်ငူလေတပ်စခန်း၊ အရှေ့တောင်ပိုင်း မွန်ပြည်နယ်မှ မော်လမြိုင် လေတပ်စခန်းနှင့် ဧရာဝတီတိုင်း ပုသိမ်မှ လေတပ်စခန်းမှလည်း ပျံတက်လာနိုင်ကြသည်။

ရဟတ်ယာဉ်နှင့် အနီးကပ် လေကြောင်းအကူ (CAS) အတွက်သာမက တောင်ပံသေတပ်လေယာဉ်များ အတွက်ပါ သင့်တော်သော ရှေ့တန်းလေတပ်စခန်းများတွင် ရှမ်းပြည်မြောက်ပိုင်းမှ လားရှိုး လေတပ်စခန်း၊ ကချင်ပြည်နယ် ဗန်းမော်မှ လေတပ်စခန်းနှင့် တောင်ဘက်စွန်း ကပ္ပလီပင်လယ်ကမ်းခြေမှ မြိတ်လေတပ်စခန်းများ ပါဝင်သည်။

*မြန်မာနယ်စပ် စစ်ဇုန်များတွင် မြန်မာလေတပ် ပထမဆုံးပါဝင်လာသည့် ၂၀၁၀ ပြည့်နှစ်များ အတွင်းက မြေပြင်တိုက်ခိုက်မှုများကို အကြီးအကျယ် အကန့်အသတ်ဖြင့် လေယာဉ်အနည်းငယ်ဖြင့် တခါတရံလုပ်နိုင်သည့် အဆင့်သာရှိသည်။*

ထိုသို့အခြေခံလေတပ်စခန်းနှင့် ရှေ့တန်းလေတပ်စခန်းများသည် တော်လှန်ရေး အင်အားစုများ၏ တိုက်ခိုက်မှုများကို အလျင်အမြန် တုံ့ပြန်နိုင်သည့် နည်းဗျူဟာအား လိုသလို အသုံးချနိုင်စေပြီး ပစ်မှတ်များကို တိုက်ခိုက်နိုင်သည့် အချိန်ပိုမိုရစေကာ လောင်စာအသုံးစရိတ်ကို သက်သာစေသည်။

ဒုတိယအချက်မှာ တိုက်ပွဲများပြင်းထန်လာခြင်းနှင့် မြန်မာလေတပ် လေယာဉ်မှူးများ ပျံသန်းချိန် ပိုမိုရှည်ကြာလာခြင်း၊ ယခင်ထက် စစ်ဆင်ရေးအတွေ့အကြုံ များလာခြင်းကြောင့် မြန်မာလေတပ်သည် စွမ်းဆောင်ရည် မြင့်တက်လာခြင်းဖြစ်သည်။

မြန်မာနယ်စပ် စစ်ဇုန်များတွင် မြန်မာလေတပ် ပထမဆုံးပါဝင်လာသည့် ၂၀၁၀ ပြည့်နှစ်များ အတွင်းက မြေပြင်တိုက်ခိုက်မှုများကို အကြီးအကျယ် အကန့်အသတ်ဖြင့် လေယာဉ်အနည်းငယ်ဖြင့် တခါတရံ လုပ်နိုင်သည့် အဆင့်သာ ရှိသည်။

၂၀၁၁ ခုနှစ် နှစ်လယ် ကချင်ပြည်နယ်တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားပြီးနောက် ထိုသို့သော စစ်ဆင်ရေးမျိုးကို ကချင်ပြည်အရှေ့ပိုင်းတွင် ၂၀၁၂-၁၃ ခုနှစ်ကာလက တွေ့ခဲ့ရပြီး ၂၀၁၈ ခုနှစ် မိုးရာသီအတွင်း စစ်ဆင်ရေးများ ထပ်မံပြုလုပ်လာသည်။

၂၀၁၅ ခုနှစ်က အရှေ့မြောက်ပိုင်း ကိုးကန့်ဒေသတွင် ဖြစ်ပွားသော စစ်ပွဲတွင် မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော် (MNDAA) ၏ တိုက်ခိုက်ခံနေရသော မြေပြင်တပ်များ သက်သာစေမည့် လေကြောင်းပစ်ကူကို အာရုံစိုက်သည့် စစ်ဆင်ရေးတခုကို တွေ့ခဲ့ရသည်။ ၂၀၁၅ ခုနှစ် နှစ်လယ်က ဖြစ်ပွားသည့် ထိုစစ်ဆင်ရေးများအတွင်း မြန်မာလေတပ် ဂျက်လေယာဉ်တစင်း (တိုက်တိုက်ဆိုင်ဆိုင် တရုတ်လုပ် F-7) က တရုတ်ပိုင်နက်အတွင် ဗုံးကြဲချရာ လယ်သမား ၄ ဦးသေဆုံးပြီး အခြားသူ ၉ ဦးကို ဒဏ်ရာရစေသောကြောင့် ဘေဂျင်းက ဒေါသတကြီးတုံ့ပြန်သည်။

၂၀၁၈-၁၉ က ရခိုင်ပြည်နယ်မှ ရက္ခိုင့်တပ်တော် (AA) နှင့်ဖြစ်ပွားသည့် စစ်ပွဲများအတွင်းကလည်း လေတပ်စစ်ဆင်ရေး မြင့်မားလာပြီး ရုရှားလုပ် Yak-130s အသစ်များကို စစ်မြေပြင်တွင် ပထမဆုံးအကြိမ် အသုံးပြုသည်။ မြေပြင်တိုက်ခိုက်ရေးလေယာဉ်နှင့် အမောင်းသင်ဂျက်လေယာဉ်အဖြစ် အသုံးပြုနိုင်သော ၂ ယောက်စီး Yak-130s များကို မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO) က Mitten အဖြစ် သတ်မှတ်ထားပြီး ၎င်းတို့သည် K-8 ကဲ့သို့သော အလားတူလေယာဉ်များထက် အဆများစွာ သယ်ဆောင်နိုင်သည်။ ၂၀၁၉-၂၀၂၀

ပြည်နှစ် ရခိုင်ပြည်နယ်တွင် ထိုလေယာဉ်များသည် ညဘက်တွင် အနိမ့်ပျံသန်းတိုက်ခိုက်ပြီး ၎င်းတို့တန်ဖိုးကို သက်သေပြခဲ့သည်။

သို့သော် တိုက်ခိုက်မှု ကြာချိန်နှင့် ပြင်းထန်မှုအရ ထိုစစ်ဆင်ရေးများသည် လက်ရှိလေကြောင်း တိုက်ခိုက်မှုများနှင့်ယှဉ်လျှင် အားနည်းပြီး မြန်မာလေတပ် လေယာဉ်မှူးများ ကျွမ်းကျင်မှု တိုးတက်ရေးအတွက် ယခုလောက် အကျိုးမဖြစ်ထွန်းလှပေ။ မြန်မာလေတပ် ထုံးစံအားဖြင့် နယ်စပ်တွင်သာမက ပြည်မဒေသတွင်ပါ နေ့စဉ် လက်တွေ့ တိုက်ပွဲအတွေ့အကြုံများ ရလာသောကြောင့် လေယာဉ်မှူးများသည် အနိမ့်ပျံသန်းပြီး ပစ်မှတ်များကို ပိုမိုတိကျစွာ ပစ်ခတ်လာနိုင်ကြသည်။

လွန်ခဲ့သော တနှစ်က လေကြောင်းတိုက်ခိုက်မှုများသည် ရည်မှန်းပစ်မှတ်မှ မီတာ ၃,၀၀၀ ပတ်ပတ်လည်အတွင်း နေရာများကိုသာ ထိမှန်ကြောင်း ကရင်နီပြည်နယ် အရှေ့ပိုင်းနှင့် ကရင်ပြည်နယ်မှ လေကြောင်း တိုက်ခိုက်မှုများကို ကြုံဖူးသည့် အတွေ့အကြုံရှိ သတင်းရင်းမြစ်တခုက ဒီဇင်ဘာလအတွင်း Asia Times သို့ ပြောကြားခဲ့သည်။ ယခုအခါ ထိုလေကြောင်း တိုက်ခိုက်မှုများသည် ပစ်မှတ်မှ မီတာ ၄၀၀ ထက်နည်းသည့် နေရာများကို ထိမှန်လာကြောင်း ၎င်းကပြောသည်။

မြေပြင်တိုက်ခိုက်မှု ပြင်းထန်လာခြင်းကိုလည်း သူကမှတ်ချက်ပေးပြီး ထိုတိုက်ခိုက်မှုများတွင် ဂျက်လေယာဉ်များသည် ပထမဦးစွာ ဗုံးကြဲချပြီး ဒုံးကျည်ဖြင့်ပစ်ခတ်ကာ နောက်ဆုံးတွင် အမြောက်လက်နက်ကြီးများဖြင့် ပစ်ခတ်ကြောင်း ပြောသည်။

**လေကြောင်းချီ သင်ခန်းစာများ**

မြန်မာလေတပ်သည် လေကြောင်းသယ်ယူပို့ဆောင်မှု စွမ်းရည်သစ်လည်း တိုးတက်လာသည်။ သို့သော် ခိုင်မာမှု မရှိသေးပေ။ တပ်များကို စစ်မြေပြင်သို့ ပို့ဆောင်ခြင်းနှင့် ထိုတပ်များကို မြေပြင်တွင် ဖြန့်ကြက်ပြီးသောအခါ လေကြောင်းပစ်ကူပေးခြင်းကို လုပ်ဆောင်လာသည်။

ထိုသို့သော စစ်ဆင်ရေးမျိုးကို စစ်ကိုင်းတိုင်းတွင် ၂၀၂၂ ခုနှစ် အစောပိုင်းက အကန့်အသတ်ဖြင့် လုပ်ဆောင်ပြီး စစ်သား ၅၀ မှ ၆၀ ခန့်ကို Mi-17 သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် ၂ စင်းဖြင့် ပြုလုပ်ကာ Hind တိုက်ခိုက်ရေး လေယာဉ်က အထောက်အကူပေးသည်။

ထိုစစ်ဆင်ရေးများ၏ ရည်မှန်းချက်မှာ ရွာတရွာ သို့မဟုတ် တရွာမကသည့် ရွာများကို အလစ်အငိုက် ဝင်ရောက်စီးနင်းပြီး လက်နက်နှင့် PDF တိုက်ခိုက်ရေးသမားများကို ရှာဖွေပြီးနောက် နေအိမ်များကို မီးရှို့ကာ ဆက်လက်လှုပ်ရှားရန် ဖြစ်သည်။ လက်နက်တပ်ဆင်မှု မကောင်းသော ဒေသခံတိုက်ခိုက်ရေးသမားများ၏ ခုခံမှု အကန့်အသတ်ရှိသောကြောင့် စစ်ဆင်ရေး အမှားအယွင်းဖြစ်စရာ များများ မရှိလှပေ။

စစ်တပ်သည် ပိုမိုရည်မှန်းချက်ကြီးသော လေကြောင်းချီတိုက်ခိုက်မှုလုပ်ရန် ကြိုးစားသောအခါ အမှားအယွင်းများစွာ ဖြစ်ခဲ့သည်။ တခုတည်းသော အသိသာဆုံး ချေမှုန်းခံရသည့် လေကြောင်းချီ စစ်ဆင်ရေးသည် ဒီဇင်ဘာလ အစောပိုင်းက ရှမ်းပြည်အနောက်မြောက်ပိုင်း နမ့်ဆန်မြို့နယ်တွင် ဖြစ်ပွားသည်။ မြန်မာလေတပ်မှ Mi-17 ၅ စီးသည် စစ်သား ၂၀၀ ခန့် (မြန်မာစစ်တပ် တပ်ရင်းတခုခန့်) ကို အဓိကကျသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတခုဖြစ်သော တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) ထိန်းချုပ်ထားသည့် ဒေသတွင်းသို့ လေကြောင်းမှချထားသည်။

လက်နက်တိုက် သို့မဟုတ် ကွပ်ကဲရေးစခန်းကို သိမ်းပိုက်ရန် စီစဉ်သည့် စီးနင်းတိုက်ခိုက်မှု ဖြစ်သော်လည်း ထောက်လှမ်းရေးညံ့ဖျင်းမှုကြောင့် ထိုတပ်များသည် လက်နက်ကောင်းစွာ တပ်ဆင်ထားသည့် အရေးမလှသော နေရာသို့ ချပေးမိသောကြောင့် ၄ ရက်ကြာစစ်ပွဲတွင် အကုန်နီးပါး သေဆုံးကုန်သည်။

*မြေပြင်တိုက်ခိုက်မှု ပြင်းထန်လာခြင်းကိုလည်း သူကမှတ်ချက်ပေးပြီး ထိုတိုက်ခိုက်မှုများတွင် ဂျက်လေယာဉ်များသည် ပထမဦးစွာ ဗုံးကြဲချပြီးနောက် ဒုံးကျည်ဖြင့်ပစ်ခတ်ကာ နောက်ဆုံးတွင် အမြောက်လက်နက်ကြီးများဖြင့် ပစ်ခတ်ကြောင်း ပြောသည်။*

မြန်မာလေတပ်လေယာဉ်များက လေကြောင်းပစ်ကူ အကြိမ်ကြိမ် လုပ်ပေးစေကာမူ မြန်မာစစ်သား ၄၇ ဦးသေဆုံးပြီး ၂၄ ဦးကို ဖမ်းမိကြောင်း TNLA သတင်းရင်းမြစ်များက နောက်ပိုင်းတွင် ပြောသည်။ ထိုအချက်သည် မှန်ကန်ဖွယ်ရှိပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း ရက်ပိုင်းကြာ ဆက်တိုက်ဖြစ်ပွားသည့် တိုက်ပွဲတခုအတွင်း မြန်မာစစ်တပ်မှ အသေအပျောက်အများဆုံး ဖြစ်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် မတ်လက အနောက်ပိုင်း ချင်းပြည်နယ်၊ ပလက်ဝခရိုင်မှ အလားတူ အရှက်တကွဲ ရှုံးနိမ့်မှုကို နမ့်ဆန် တိုက်ပွဲက ပဲ့တင်ထပ်လိုက်ခြင်းသည် တိုက်ဆိုင်မှုမဟုတ်ပေ။ AA တပ်ဖွဲ့များ ဝိုင်းပတ်ပိတ်ဆို့ထားသည့် ကုလားတန်မြစ်မှ စခန်းတခုတိုက်ခိုက်ခံရမှု သက်သာစေရန် ပြုလုပ်သည့် စစ်ဆင်ရေးတွင် လေကြောင်းမှ ချထားပေးသည့်တပ်များ အဝိုင်းခံရကာ စစ်သား ၂၀ သေဆုံးပြီး ၃၆ ဦး အဖမ်းခံရသည်။ ထိုသို့ ဖမ်းဆီးခံရသူများတွင် တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး တဦးပါဝင်ပြီး သူ့ကို ဖမ်းဆီးထားသူများက ရိုက်ကူးထားသော ဓာတ်ပုံတွင် ပတ်တီးများစီးပြီး အပြုံးအရယ်မရှိဘဲ သစ်ပင်တပင်တွင် ချည်နှောင်ထားသည်။

ထိုတိုက်ပွဲ နှစ်ခုကို ပေါင်းစပ်ကြည့်ပါက နာကျင်ဖွယ်သင်ခန်းစာများသည် နည်းပရိယာယ် အတွေ့အကြုံ မရှိခြင်းနှင့် မကြာသေးမီက တိုးတက်မှုရှိလာသော်လည်း လေကြောင်းချီ စစ်ဆင်ရေးနှင့် ပတ်သက်ပြီး လေ့လာစရာများစွာ လိုနေသေးသော စစ်တပ်တွင် အမြဲတစေ ထောက်လှမ်းရေး ညံ့ဖျင်းခြင်းကို ထင်ဟပ်နေသည်။ လူအင်အားနှင့် စိတ်ဓာတ်ရေးရာတွင် အကြီးအကျယ် တန်ဖိုးပေးဆပ်ရသောကြောင့် လက်နက်ကောင်းစွာ တပ်ဆင်ထားသော ရန်သူလွှမ်းမိုးသည့်ဒေသများသို့ ရဟတ်ယာဉ်ဖြင့် တပ်ဖွဲ့များ ပို့ဆောင်သည့် စစ်ဆင်ရေးမျိုး လာမည့်လများအတွင်း အကန့်အသတ်ဖြင့်သာ တွေ့ရတော့မည်ဖြစ်သည်။

စစ်ကောင်စီလေတပ်ဆိုင်ရာ လေ့လာသုံးသပ်ချက် ဒုတိယပိုင်းကို ဆက်လက် ဖော်ပြပါမည်။

*(Asia Times မှ Anthony Davis ၏ Myanmar Air Force fiercely gunning to win the war ကို ဘာသာပြန် ဖော်ပြသည်။ Anthony Davis သည် စစ်ရေးနှင့် လုံခြုံရေးဆိုင်ရာ လေ့လာသုံးသပ်သူတဦးဖြစ်သည်။)*

https://burma.irrawaddy.com/article/2023/01/18/257398.html

-----------------------------------------------------------------------------------------------

## အိန္ဒိယနိုင်ငံပိုင်နက်အတွင်းသို့ ဗုံး ၂ လုံး ကျရောက်ခဲ့ကြောင်း ဓာတ်ပုံသက်သေနှင့်တကွ CIC ထုတ်ပြန်

By ဂျူချန်း (မဇ္ဈိမ) | 18 January 2023




*ဓါတ်ပုံ CIC*

မဇ္ဈိမ။ ။ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်ရှိ ချင်းအမျိုးသားတပ်ဦး CNF/CNA ဌာနချုပ် ဗစ်တိုးရီးယား စခန်းဗုံးကျဲခံရမှုတွင် အိန္ဒိယနိုင်ငံပိုင်နက်အတွင်းသို့ ဗုံးနှစ်လုံးကျရောက်ခဲ့ကြောင်း Chinland Information Center (CIC) မှ ဓာတ်ပုံသက်သေနှင့်တကွ ထုတ်ပြန်ထားသည်။

အိန္ဒိယ-မြန်မာနယ်စပ်ရှိ ဇစ်တိုးရီးယားစခန်းကို စစ်ကောင်စီတပ်မှ ဇန်နဝါရီလ ၁၀ ရက်နှင့် ၁၁ ရက်နေ့ တို့တွင် အိန္ဒိယဝေဟင်ပိုင်အထိ ကျူးကျော်ဝင်ရောက်ပြီး တိုက်လေယာဥ်များဖြင့် ဗုံးကျဲခဲ့ခြင်းဖြစ်သည်။

ဗုံးနှစ်လုံးမှာ အိန္ဒိယနိုင်ငံပိုက်နက်အတွင်းရှိ ကားလမ်းတစ်ခုအနီးတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ဗုံးဒဏ် ကြောင့် ထိခိုက်ခဲ့သောကားမှန်ကွဲစများနှင့် လူသွားလမ်းဝန်းကျင်တွင် ကျိုးကျခဲ့သော သစ်ပင်၊ သစ်ကိုင်း များအပြင် ဗုံးပေါက်ကွဲထားသည့်ပုံများကို ရရှိထားခြင်းဖြစ်သည်။

အဆိုပါဓါတ်ပုံများ၏တည်နေရာ၊ ဗုံးပေါက်ကွဲပုံနှင့် တိုက်လေယာဥ်အမျိုးအစားများကိုအခြေခံကာ အိန္ဒိယနိုင်ငံ ဝေဟင်ပိုင်နက်အတွင်းသို့ စစ်ကောင်စီ၏တိုက်လေယာဥ် ကျူးကျော်ဝင်ရောက်ခဲ့ပုံကိုလည်း CNF/CNA ပညာရှင်များက သုံးသပ်ရေးဆွဲထားခဲ့သည်။

ရရှိထားသော အချက်အလက်များအရ ၎င်းတို့လွဲချော်ခဲ့သည့် ပစ်မှတ်မှာ CNF ၏ စက်ချုပ်ဌာန ဖြစ်နိုင် ကြောင်းလည်း သုံးသပ်ထားကြသည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်အတွင်းသို့ ဗုံးကျရောက်ပေါက်ကွဲမှုများရှိ သည်ဟု ဒေသခံများက ၎င်းတို့၏ အစိုးရကိုတိုင်ကြားမှုများရှိခဲ့သည်။

သို့သော် လက်ရှိအချိန်ထိ အိန္ဒိယအစိုးရမှ ဝေဟင်ပိုင်နက်ကျူးကျော်မှုအပြင် ဗုံးကျရောက်ခဲ့မှုများနှင့် ပတ်သက်၍ အရေးယူခြင်း တစ်စုံတစ်ရာမရှိကြောင်း သိရသည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် CNF မှ ရဲဘော်၊ ရဲမေ ငါးဦးကျဆုံးခဲ့ရကာ ဌာနချုပ်အတွင်းရှိ အရပ်ဖက် အခြေခံအဆောက်အဦးများ ပျက်စီးခဲ့ရသည်။ ထို့ပြင် လူနေအိမ်များနှင့် ဆေးကုသဆောင် တစ်ခုပါ ထိခိုက်ခဲ့သည်။

အဆိုပါကိစ္စရပ်ကို "လူမဆန်၊ သူရဲဘောကြောင်သောလုပ်ရပ်" ဟူ၍ CNF မှပြောကြားလိုက်ပြီး လူသေ ဆုံးစေသည့် လေကြောင်းတိုက်ခိုက်မှုလုပ်နိုင်ရန် ပံ့ပိုးထောက်ကူပေးသည့်အပေါ်လည်း "ပြင်းပြင်းထန် ထန် ရှုတ်ချကြောင်း" ထုတ်ပြန်ထားသည်။

https://www.mizzimaburmese.com/article/122437

---------------------------------------------------------------------------------------------------

## မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှာ ရိုဟင်ဂျာ အဖွဲ့တွေ တိုက်ပွဲဖြစ်၊ ဒုက္ခသည်စခန်း မီးရှို့ခံရ

၁၈ ဇန်နဝါရီ ၂၀၂၃



ဓာတ်ပုံ ပုံစာ, ညနေပိုင်းမှာ မီးရှို့ခံရတဲ့ ဒုက္ခသည်စခန်း

ရခိုင်ပြည်နယ် မောင်တောမြို့နယ်မြောက်ပိုင်း တောင်ပြိုလက်ဝဲအနီးမှာရှိတဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားမျဥ်းက မွတ်ဆလင်ဒုက္ခသည်စခန်း အနီးမှာ ARSA (Arakan Rohingya Salvation Army)နဲ့ RSO (Rohingya Solidarity Organisation) တို့ ဒီကနေ့မနက်ပိုင်းက တိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့ကြတယ်လို့ ပစ်ခတ်မှုတွေကို ကြားသိရသူတွေက ပြောပါတယ်။

အဒီစခန်းအတွင်းမှာ ARSA တပ်ဖွဲ့တွေခိုလှုံနေကြတာကြောင့် အဲဒီတပ်ဖွဲ့ဝင်တွေကို ဘင်္ဂလားဒေ့ရှ်အစိုးရရဲ့ အထူးတပ် RAB၊ RSO နဲ့ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းက လက်နက်ကိုင်တပ်ဖွဲ့တွေ ပူးပေါင်းပြီး တိုက်ခိုက်ခဲ့ကြတာဖြစ်တယ်လို့ ဘင်္ဂလားဒေ့ရှ်ဘက်ကခြမ်းက လူတွေက ပြောပါတယ်။

ဘယ်တပ်တွေ ပူးပေါင်းပါဝင်တယ်ဆိုတာကို  သီးခြား အတည်ပြုနိုင်ခြင်းတော့ မရှိသေးပါဘူး။

အဲ့ဒီနေရာဟာ နယ်ခြားချောင်းရဲ့ မြန်မာဘက်ခြမ်း မိုင်တိုင်အမှတ် ၃၅ အနီး မှာတည်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘန်ဒရာဘန်ခရိုင်ရဲ့ ခေါင်းဒုံးကျေးရွာအုပ်စု တောင်ပြိုလက်ယာရွာရဲ့ မြောက်ဘက်မှာ ဖြစ်ပွားခဲ့ကြတာ ဖြစ်တယ်လို့  ဒေသခံတွေဆီက သိရပါတယ်။

ဒီနေ့မနက်ပိုင်း ၇ နာရီဝန်းကျင်လောက်က စတင်ဖြစ်ပွားခဲ့ကြတဲ့ အဲ့ဒီတိုက်ပွဲဟာ နေ့လယ်ပိုင်းအထိ လုံးဝရပ်စဲသွားတာ မရှိဘဲ ပစ်ခတ်သံတွေကို ကြိုကြားကြိုကြား ကြားနေရတယ်လို့ တောင်ပြိုလက်ဝဲမှာနေထိုင်တဲ့ ရခိုင်လူမျိုး ဦးမောင်ထွန်းက ပြောဆိုပါတယ်။

တိုက်ခိုက်မှုအတွင်း RSO ဘက်က နှစ်ဦးသေဆုံးသလို ဒုက္ခသည်တချို့လည်း ထိခိုက်မှုတွေရှိခဲ့တယ်လို့ မွတ်ဆလင်ဒုက္ခသည်တွေရဲ့ ပြောပြချက်တွေအရ သိရတယ်လို့ ဦးမောင်ထွန်းက ပြောပါတယ်။

အခုလို နယ်ခြားမျဉ်းအနီး တိုက်ပွဲဖြစ်နေတဲ့အတွက် မြန်မာဘက်ကို ကျည်တွေကျရောက်နေတာကြောင့် တောင်ပြိုလက်ဝဲနဲ့ မောင်တောကိုပြေးဆွဲနေတဲ့ လိုင်းကားတွေကိုလည်း ပြေးဆွဲမှုရပ်နားထားရတယ်လို့ သိရပါတယ်။



ဓာတ်ပုံ ပုံစာ, No man's land ဇုန်နေရာမှာ ကင်းလှည့်နေတဲ့ မြန်မာဘက်က နယ်ခြားစောင့်တပ်ဖွဲ့ဝင် တစ်ဦး(ပုံဟောင်း)

တောင်ပြိုလက်ယာ နယ်မြေအတွင်း ARSAအဖွဲ့ အခြေစိုက်နေထိုင်နေတာဖြစ်ပြီး သူတို့ရဲ့ လုပ်ရပ်တွေကို လက်မခံကြတဲ့ မွတ်ဆလင်လက်နက်ကိုင်အဖွဲ့တွေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က အဖွဲ့အစည်းတွေ စုပေါင်းပြီး စီးနင်းတိုက်ခိုက်ခဲ့ကြတာဆိုတဲ့ ပြောဆိုမှုတွေ ရှိနေပါတယ်။

စီးနင်းတိုက်ခိုက်ခံရတဲ့ ဒီနေ့မနက်ပိုင်းမှာတော့ ARSA အဖွဲ့ခေါင်းဆောင် အာတာအုလ္လာဟာ မြန်မာဘက်ကို ထွက်ပြေးသွားခဲ့တယ်လို့ အဲ့ဒီစခန်းမှာနေထိုင်တဲ့ ဒုက္ခသည်တွေက ကိုယ်တိုင်မြင်တွေ့ချက်တွေကို ပြောဆိုထားပါတယ်။



ဓာတ်ပုံ ရင်းမြစ်,GETTY IMAGES

ရိုဟင်ဂျာဒေသခံတွေပြောတဲ့ အာဆာခေါင်းဆောင်ဆိုသူဟာ ဘင်္ဂလားဒေ့နိုင်ငံက ဖမ်းဆီးရရှိရေး ထုတ်ပြန်ထားသူ တစ်ဦးလည်းဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်အစိုးရက သူနဲ့အတူ အာဆာခေါင်းဆောင် ၂၉ ဦးကို ဒုက္ခသည်စခန်းအတွင်းက ရိုဟင်ဂျာတွေသတ်ဖြတ်ခံရမှုနဲ့ပတ်သတ်ပြီး ဖမ်းဆီးနိုင်ဖို့ ထုတ်ပြန်ထားတာပါ။

တိုက်ပွဲတွေနဲ့ ပတ်သက်လို့ မွတ်ဆလင်ဒုက္ခသည်တစ်ဦးက အခုလို ပြောပြပါတယ်။

“0 Line မှာရှိတဲ့ ဒုက္ခသည်စခန်းနားမှာ မနက်ပိုင်းကတည်းက တိုက်ခိုက်မှုတွေ ဖြစ်နေကြတာပါ။ အာဆာအဖွဲ့ကို တိုက်တယ်ဆိုတာကတော့ သေချာတယ်။ ဘယ်အဖွဲ့တွေ ဝင်တိုက်တယ်ဆိုတာ တိတိကျကျ မပြောနိုင်သေးဘူး။ အခုထိတင်းမာနေတုန်းပဲ၊ မနက်ပိုင်းက တိုက်ပွဲစဖြစ်ချိန်မှာတော့ အာဆာခေါင်းဆောင် အာတာအုလ္လာဟာ မြန်မာဘက်ကို ထွက်ပြေးသွားတာမြင်လိုက်သူတွေရှိပါတယ်။”

အခုလို အာဆာအဖွဲ့ခေါင်းဆောင် မြန်မာဘက်ကိုထွက်ပြေးသွားတယ်ဆိုတာနဲ့ပတ်သက်လို့ ဘယ်လိုတွေလုပ်ဆောင်သွားဖို့ရှိလဲဆိုတာသိရဖို့ မြန်မာစစ်တပ်ကို မေးမြန်းနိုင်ဖို့ ကြိုးစားနေပါတယ်။

**နယ်ခြားမျဥ်းက ဒုက္ခသည်စခန်းမီးရှို့ခံရ**



ဓာတ်ပုံ ပုံစာ, ဒုက္ခသည်စခန်းကို မောင်တောဘက်က လှမ်းမြင်ရတဲ့မြင်ကွင်း(ပုံဟောင်း)

တိုက်ပွဲတွေဖြစ်နေတဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ် ခြံစည်းရိုးအနီးမှာရှိတဲ့ မွတ်ဆလင် ဒုက္ခသည်စခန်းမှာလည်း ဒီကနေ့ ညနေ ၄ နာရီ ၄၀ ခန့်ကစလို့ မီးလောင်မှု ဖြစ်ပွားနေပါတယ်။

အဲ့ဒီဒုက္ခသည်စခန်းဟာ ခြံစည်းရိုးအနီးကပ်ရက် ဘင်္ဂလားဒေ့ရှ်ပိုင်နက်ဘက်မှာတည်ရှိပြီး ဘင်ဒရာဘင်ခရိုင် ခေါင်းတုံးကျေးရွာအုပ်စု တောင်ပြိုယာအနီးက စခန်းတစ်ခုလည်းဖြစ်ပါတယ်။

မနက်ပိုင်းကတိုက်ပွဲတွေ  တင်းမာမှုတွေမြင့်တက်လာရာက အခုလို စခန်းကနေအိမ်တွေကို မီးရှို့လိုက်ကြတာဖြစ်တယ်လို့ သိရပါတယ်။

အဲ့ဒီစခန်းအတွင်းမှာ ARSA တပ်ဖွဲ့တွေခိုလှုံနေကြတာကြောင့် အဲ့ဒီတပ်ဖွဲ့ဝင်တွေကို RSO နဲ့ ဘင်္ဂလားဒေ့ရှ်ကာကွယ်ရေးတပ်ဖွဲ့တွေ ပူးပေါင်းပြီးတော့ တိုက်ခိုက်ခဲ့ကြတာဖြစ်တယ်လို့ ဆိုပါတယ်။

အဲ့ဒီမီးလောင်မှုဟာ ပြင်းပြင်းထန်ထန်လောင်ကျွမ်းနေတာဖြစ်သလို ၅ နာရီခွဲဝန်းကျင်လောက်မှာတော့ မြန်မာဘက်ကိုမီးကူးစက်မှုတွေရှိလာနေပြီး ခြံစည်းရိုးအနီးက တောင်ပြိုယာ နယ်ခြားစောင့်ရဲကင်းစခန်းအနီးမှာ လောင်ကျွမ်းနေတယ်လို့ ဒေသခံတစ်ဦးက ပြောပါတယ်။

စခန်းမီးရှို့ခံလိုက်ရတဲ့အတွက် ခြံစည်းရိုးတစ်ဖက်မှာနေထိုင်ကြတဲ့ ဒုက္ခသည်တွေဟာ မြန်မာဘက်ကို ဝင်ရောက်ထွက်ပြေးလာနေတာတွေကိုလည်း တွေ့မြင်ရတယ်လို့ တောင်ပြိုလက်ဝဲ ဒေခံတစ်ဦးက ပြောပါတယ်။

https://www.bbc.com/burmese/articles/cd1x791dnkgo

----------------------------------------------------------------------------------------------------

## မြန်မာစစ်အုပ်စုနှင့် ဆက်နွယ်ပတ်သက်မှုအတွက် အစ္စရေးနည်းပညာကုမ္ပဏီ Cogntye ကို စုံစမ်းစစ်ဆေးရန် တောင်းဆိုမှုများ ရှိနေ

By မဇ္ဈိမ | 18 January 2023

မြန်မာနိုင်ငံရှိ လူသားထုအပေါ် ကျူးလွန်သည့် ပြစ်မှုများကို အားပေးကူညီမှုအတွက် အစ္စရေး စောင့်ကြည့်ထောက်လှမ်းရေး နည်းပညာကုမ္ပဏီ Cogntye Software Ltd နှင့် အစ္စရေး ကာကွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အရာရှိများအပေါ် ဥပဒေကြောင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှုတစ်ရပ် လုပ်ဆောင်ရေး တင်ပြလွှာက်ထားလွှာတစ်ရပ် ရှိနေသည်။

အဆိုပါ လျှောက်ထားလွှာကို အစ္စရေး၏ ရှေ့နေချုပ်ထံ တင်သွင်းခဲ့ခြင်း ဖြစ်ပြီး ထိုလျှောက်ထားလွှာနှင့်ပတ်သက်ပြီး အမြန်ဆုံး ဆောင်ရွက်အရေးယူပေးရေး Justice for Myanmar (JFM) အဖွဲ့က အစ္စရေး ရှေ့နေချုပ်ကို တိုက်တွန်းတောင်းဆိုသည်။

ထို လျှောက်ထားလွှာသည် ၂၀၂၀ ပြည့်နှစ်က ပုံသေ ဒေတာအချက်အလက် တရားဝင် ကြားဖြတ်ဖမ်းယူမှု နည်းပညာဂိတ်ဝေးတစ်ခု တင်သွင်းမှုအတွက် နိုင်ငံပိုင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) ထံမှ တင်ဒါတစ်ခု Cognyte ကုမ္ပဏီက အောင်မြင်ခဲ့သည် ဆိုသည်နှင့် ပတ်သက်နေသည်။ ထို နည်းပညာဂိတ်ဝေးကြောင့် မြန်မာစစ်တပ်အနေဖြင့် တက်ကြွလှုပ်ရှားသူများ၊ ဂျာနယ်လစ်များနှင့် နိုင်ငံရေးသမားများ၏ ဖုန်းခေါ်ဆိုမှုများကို ကြားဖြတ်ဖမ်းယူနားထောင်နိုင်မည့် လုပ်နိုင်စွမ်းများ ရရှိနိုင်လိမ့်မည် ဖြစ်သည့်အတွက် ယင်းက မြန်မာစစ်တပ်၏ နိုင်ငံတကာ ပြစ်မှုများကို အားပေးအားမြှောက်ရာ ရောက်ကြောင်းကို Cognyte ကုမ္ပဏီက သိနေပြီးသားဖြစ်ကြောင်း လျှောက်ထားလွှာအရ သိရသည်။ ထိုအချိန်က မြန်မာပြည်သူများကို စစ်တပ်၏ ထောက်လှမ်းစောင့်ကြည့်မှုမှ ကာကွယ်ရန် မည်သည့် အကာအကွယ်အစီအစဉ်များမှ နေရာတကျ ရှိမနေခဲ့ပေ။

Cognyte ကုမ္ပဏီနှင့် အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများသည် မြန်မာအာဏာသိမ်းစစ်တပ်အတွက် စောင့်ကြည့်ထောက်လှမ်းမှု နည်းပညာကိရိယာများ ရရှိနိုင်စေရန် ထောက်ပံ့ခြင်းအားဖြင့် လူသားထုအပေါ် ကျူးလွန်သော ပြစ်မှုများကို အားပေးကူညီပေးသလို မြန်မာစစ်တပ်က ရက်စက်ကြမ်းကြုတ်သော ပြစ်မှုများ ကျူးလွန်နေကြောင်းကို သိလျက်ဖြင့် ထောက်ပံ့ခြင်းဖြစ်ကြောင်း လျှောက်ထားလွှာတွင် ပြောသည်။ ယင်းအတွက်ကြောင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို အစ္စရေး၏ ပြစ်မှုဆိုင်ရာ ဥပဒေအောက်တွင် တရားစွဲဆိုသွားရေး ယင်းလျှောက်ထားလွှာတွင် တောင်းဆိုထားသည်။

သက်သေအထောက်အထားများကို ဖုံးဖိုက်ဖျောက်ဖျက်ခြင်းနှင့် စုံစမ်းစစ်ဆေးမှုအပေါ် နှောင့်ယှက်ဟန့်တားမှုများ လုပ်လာနိုင်ခြင်းတို့ကို တားဆီးရန် အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန နှင့် Cognyte ရုံးများမှ သက်ဆိုင်ရာ စာရွက်စာတမ်းများကို အမြန်ဆုံး သိမ်းဆည်းရယူရန် အစ္စရေးအာဏာပိုင်များကို ယင်းက တောင်းဆိုသည်။

အစ္စရေး လွှတ်တော်ဉက္ကဋ္ဌဟောင်း အက်ဗ်ရာဟမ် ဘာ့ဂ်၊ လူသိများသော အတတ်ပညာရှင်များဖြစ်သည့် ပါမောက္ခ အီဗာ အီလော့ဇ် နှင့် ပါမောက္ခ ရှသ် ဟာကိုဟန် ပင့်စ်ဖိုဝါ နှင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ အပါအဝင် အစ္စရေးနိုင်ငံသား ၆၀ ကျော်၏ ကိုယ်စား တရားရုံးရှေ့နေ အစ်တေး မက်ခ်က ဇန်နဝါရီ ၂ ရက်တွင် အစ္စရေးရှေ့နေချုပ် ဂါလီ ဘာဟာရက်ဗ်-မီအာရာထံ တင်ပြလျှောက်ထားလွှာ တင်သွင်းခဲ့ခြင်းဖြစ်သည်။

တင်ပြလျှောက်ထားလွှာအပေါ် အမြန်ဆုံး အရေးယူ ဖော်ထုတ်ဆောင်ရွက်ပေးရေး အစ္စရေးရှေ့နေချုပ်ကို JFM က တောင်းဆိုသည်။

Justice for Myanmar က ထုတ်ဖော်ခဲ့သည့် ပြင်ပသို့ ပေါက်ကြားသော စာရွက်စာတမ်းများတွင် Cognyte ၏ မြန်မာတင်ဒါ ကိစ္စ ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

မြန်မာစစ်တပ်သည် နိုင်ငံတွင် တရားမဝင် အာဏာသိမ်းရန် ကြိုးပမ်းပြီးနောက် လူသားထုအပေါ် ကျူးလွန်သည့် ၎င်းတို့၏ ပြစ်မှုများကို ထောက်ကူပံ့ပိုးရန် ဒစ်ဂျစ်တယ် လက်နက်တိုက်တစ်ခုကို ခိုင်မာအောင် တည်ဆောက်ခဲ့သည်။ မြန်မာစစ်တပ် ကျူးလွန်သည့် လူသားမျိုးနွယ်အပေါ်  ကျူးလွန်သော ပြစ်မှုများထဲတွင် လူ ၂,၇၀၀ ကျော် အသတ်ခံရမှုများ ပါဝင်သလို အခြားလူပေါင်း ၁၇,၂၀၀ ကျော်သည် မတရား ဖမ်းဆီးခံထားရကာ ၎င်းတို့သည် ပျံ့နှံ့ပေါ်ပေါက်သော ညှဉ်းပန်းနှိပ်စက်မှုကို ရင်ဆိုင်နေကြရသည်။

အာဏာသိမ်းစစ်တပ်သည် အွန်လိုင်းပေါ် စောင့်ကြည့်ထောက်လှမ်းမှုမှတစ်ဆင့် ကိုယ်ရေးကိုယ်တာ အီလက်ထရောနစ် ဆက်သွယ်ပြောဆိုမှုများကို ပုံမှန် စောင့်ကြည့်ခဲ့သလို ဒီမိုကရေစီ လိုလားသော ထောက်ခံသူများကို စစ်အုပ်စုက စောင့်ကြည့်ခဲ့သည်ဆိုသည့် သတင်းအများအပြား ရှိခဲ့ကြောင်းနှင့် စစ်တပ်သည် အာဏာသိမ်းရန် ကြိုးပမ်းမှုမတိုင်မီ စောင့်ကြည့်ထောက်လှမ်းရေးနည်းပညာကို ဝယ်ယူခဲ့ကြောင်းကို တွေ့ရှိထားသည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးဆိုင်ရာ ယင်း၏ ၂၀၂၁ အစီရင်ခံစာတွင် ထုတ်ဖော်သည်။

MPT ကို မြန်မာစစ်အုပ်စုက ထိန်းချုပ်ပြီး ဂျပန် ကုမ္ပဏီများဖြစ်သည့် KDDI နှင့် Sumitomo Corporation တို့က ဖက်စပ် စီမံခန့်ခွဲသည်။

ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးမှုတစ်ခု လုပ်ဆောင်ရေး တင်ပြတိုင်တန်းလွှာအပြင် အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာန၏ စစ်ဖက် ကာကွယ်ရေး တင်ပို့မှုများဆိုင်ရာ ထိန်းချုပ်မှု အေဂျင်စီ (DECA) ထံ စာတစ်စောင် ပေးပို့ထားပြီး မြန်မာနိုင်ငံသို့ ကြားဖြတ်စောင့်ကြည့်ထောက်လှမ်းမှု နည်းပညာကိရိယာများ တင်ပို့မှုနှင့်ပတ်သက်ပြီး Cognyte ထံ ပေးအပ်ခဲ့သော ပို့ကုန်နှင့် မာကတ်တင်း လိုင်စင်များကို ချက်ချင်း ပြန်လည်ပယ်ဖျက်ရေး တောင်းဆိုထားသည်။

ယခင်က Verint Systems အဖြစ် သိခဲ့သည့် Cognyte သည် တောင်ဆူဒန် အပါအဝင် နာမည်ဆိုးထွက်သော အစိုးရများထံ စောင့်ကြည့်ထောက်လှမ်းမှု နည်းပညာ ရောင်းချပေးခဲ့သည့် သမိုင်းကြောင်းတစ်ခု ရှိသည်။ ယင်းသည် ဖေ့ဘွတ်ခ်မှလည်း ပိတ်ပင်ခံထားရသည်။ ပြီးခဲ့သည့်လကလည်း လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် Cognyte ကို ဖယ်ထုတ်ရန် နော်ဝေ၏ အစိုးရရန်ပုံငွေအဖွဲ့က ဆုံးဖြတ်ခဲ့သည်။

Cognyte သည် မြန်မာကုမ္ပဏီတစ်ခုဖြစ်သည့် ခိုင်သစ္စာ ကုမ္ပဏီနှင့် မိတ်ဖက်ပြုထားပြီး ခိုင်သစ္စာကုမ္ပဏီ၏ ပိုင်ရှင်သည် ဆက်စပ်ကုမ္ပဏီတစ်ခုဖြစ်သည့် Bamar Pte Ltd မှတစ်ဆင့် စစ်တပ်အတွက် လက်နက်ဝယ်ယူပေးသွင်းသည့် ပွဲစားအဖြစ် လုပ်ကိုင်ကြောင်းကို JFM က မကြာသေးခင်က ဖော်ထုတ်သိရှိထားသည်။ ခိုင်သစ္စာ ကုမ္ပဏီသည် ပြီးခဲ့သည့် သီတင်းပတ်များအတွင်း ယင်း၏ ဝက်ဘ်ဆိုဒ်ကို ပြင်ဆင်ဖြည့်စွက်ရာတွင် Cognyte ကို မိတ်ဖက်နှင့် ရောင်းချသူ လုပ်ငန်းတစ်ခုအဖြစ် ထည့်သွင်းထားသည်။

ခိုင်သစ္စာ ကုမ္ပဏီသည် နိုင်ငံတွင် စစ်တပ်က အာဏာသိမ်းရန် ကြိုးပမ်းမှုဖြစ်ပြီး ရှစ်လကျော်အကြာ ၂၀၂၁ အောက်တိုဘာလတွင် Cognyte ထံမှ ငွေပေးချေမှုတစ်ခုကို လက်ခံရရှိခဲ့သည်ဟု JFM ၏ သတင်းရင်းမြစ်တစ်ဦးအရ သိရသည်။

၂၀၁၈ ခုနှစ်ကလည်း မြန်မာနိုင်ငံသို့ စစ်လက်နက်များ တင်ပို့သည့် အစ္စရေးနိုင်ငံသားများက ရက်စက်ကြမ်းကြုတ်သော ပြစ်မှုများကို အားပေးကူညီနေခြင်းအပေါ် စုံစမ်းစစ်ဆေးရန် အစ္စရေး တရားရုံးရှေ့နေ အီတေး မက်ခ်က လျှောက်ထားလွှာတစ်စောင် တင်ပြတိုင်တန်းခဲ့သည်။ ထို့ပြင် မြန်မာလက်နက်ပွဲစား ဒေါက်တာ ထွန်းမင်းလတ်၊ ၎င်း၏ လုပ်ငန်းစုဖြစ်သည့် Star Sapphire Group နှင့် အစ္စရေး လက်နက်ကုမ္ပဏီများ ပတ်သက်နေမှုအတွက် အကျင့်ပျက်ခြစားမှုအပေါ် ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးမှုတစ်ရပ် လုပ်ဆောင်ရေး အီတေး မက်ခ်က ၂၀၂၂ တွင်လည်း တင်ပြလျှောက်ထားလွှာတစ်စောင် ပန်ကြားတင်ပြခဲ့သည်။

၂၀၁၈ ခုနှစ် တင်ပြတိုင်တန်းလွှာသည် ယခုထက်ထိ ရာဇဝတ်ကြောင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှုတစ်ခုဆီ မရောက်ရှိသေးခြင်းအပေါ် JFM က စိုးရိမ်ပူပန်ပြီး ထိုကိစ္စကို မြန်ဆန်သွက်လက်စွာ လုပ်ဆောင်ရေး တောင်းဆိုသည်။

“Cognyte ကုမ္ပဏီနဲ့ အစ္စရေး တာဝန်ရှိသူတွေအပေါ် တိုင်တန်းမှု ထွက်ပေါ်ခဲ့တာက လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ပြစ်မှုတွေမှာ မြန်မာစစ်တပ် အသုံးပြုတဲ့ စောင့်ကြည့်ထောက်လှမ်းရေး နည်းပညာတွေကို

အစ္စရေးဘက်က ထောက်ပံ့ပေးတာနဲ့ပတ်သက်လို့ မေးခွန်းတွေ ထွက်ပေါ်စေပါတယ်” ဟု JFM မှ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က ပြောသည်။

“မြန်မာပြည်သူတွေကို စစ်တပ်ရဲ့ ထောက်လှမ်းစောင့်ကြည့်မှုကနေ ကာကွယ်ပေးမယ့် အကာအကွယ် အစီအစဉ်တွေ ရှိမနေတဲ့ အခြေအနေတစ်ခုအောက်မှာနဲ့ မြန်မာစစ်တပ်က ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံးသတ်မှု ကျူးလွန်မှုနောက်ပိုင်းမှာ Cognyte နဲ့ MPT ရဲ့ စာချုပ် ထွက်ပေါ်လာတာဖြစ်တယ်”

“မြန်မာနိုင်ငံမှာရှိတဲ့ Cognyte ရဲ့ စီးပွားရေးလုပ်ငန်းအကြောင်းကို အစ္စရေး တာဝန်ရှိသူတွေက အတည်ပြုပေးခဲ့တာနဲ့ အဲဒီလုပ်ငန်းဟာ စစ်အာဏာသိမ်းဖို့ ကြိုးပမ်းမှုအပြီးမှာ ဆက်ရှိနေခဲ့တယ်ဆိုတာကတော့ လက်သင့်ခံနိုင်စရာကို မရှိပါဘူး”

“နိုင်ငံတကာ ပြစ်မှုတွေကို အားပေးကူညီရင်းနဲ့ မြန်မာစစ်တပ်ကို စစ်လက်နက်တွေနဲ့ နှစ်မျိုးနှစ်လှယ်သုံးနိုင်တဲ့ ပစ္စည်းတွေ ထောက်ပံ့မှုကို ဖြစ်မြောက်အောင် လုပ်ဆောင်ပေးခဲ့တဲ့ Cognyte က တာဝန်ရှိသူတွေနဲ့ အစ္စရေး တာဝန်ရှိသူတွေအနေနဲ့ ကိုယ့်လုပ်ရပ်တွေအတွက် တာဝန်ခံရပါလိမ့်မယ်”

“Cognyte ရဲ့ MPT နဲ့ စီးပွားရေးပတ်သက်လုပ်ကိုင်မှုကြောင့်လည်း MPT ရဲ့ ဖက်စပ် လုပ်ကိုင်သူတွေဖြစ်ကြတဲ့ KDDI နဲ့ Sumitomo Corporation တို့ဟာ သူတို့ လိုက်နာရမယ့် နိုင်ငံတကာ လူ့အခွင့်အရေး တာဝန်ဝတ္တရားတွေကို လိုက်နာဖို့ ပျက်ကွက်နေတယ်ဆိုတဲ့အပေါ် ကြီးလေးတဲ့ မေးခွန်းတွေ ထွက်ပေါ်စေပါတယ်”

“မြန်မာအာဏာသိမ်းစစ်တပ်အတွက် နည်းပညာနဲ့ ဘဏ္ဍာရေး အကူအညီအားလုံးကို အမြန်ဆုံး အဆုံးသတ်ဖို့နဲ့ ဒါမှမဟုတ် တာဝန်သိစွာနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပြန်လည်ရုပ်သိမ်းဖို့ KDDI နဲ့ Sumitomo Corporation တို့ကို မိမိတို့ တိုက်တွန်းပါတယ်”

“ဒီ ကုမ္ပဏီတွေ မြန်မာစစ်အုပ်စုအတွက် ထောက်ကူပံ့ပိုးပေးနေတာကို အမြန်ဆုံး ရပ်ဆိုင်းစေဖို့ ဒါမှမဟုတ် ရင်းနှီးမြှုပ်နှံမှုတွေ ပြန်ရုပ်သိမ်းစေဖို့အတွက် Cognyte၊ KDDI နဲ့ Sumitomo Corporation တို့မှာ ရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ သူတို့ရဲ့ အရှိန်အဝါကို သုံးပြီး ဖိအားပေးသင့်ပါတယ်”

ခိုင်သစ္စာ ကုမ္ပဏီ လီမိတက်၊ အခြား စစ်တပ်ပွဲစားတွေအားလုံးနဲ့ ပါဝင်ပတ်သက်နေသူတွေအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ လုပ်တာ အပါအဝင် မြန်မာအာဏာသိမ်းစစ်တပ်က စောင့်ကြည့်ထောက်လှမ်းမှု ကိရိယာတွေ၊ လက်နက်တွေနဲ့ ငွေကြေးတွေ ရယူနိုင်မှုအပေါ် ဖြတ်တောက်ဖို့ နိုင်ငံတကာ အစိုးရတွေအနေနဲ့ အမြန်ဆုံး ပိုမိုအားထုတ် လုပ်ဆောင်ရပါလိမ့်မယ်”

“အစ္စရေးဟာ စစ်လက်နက်တွေ၊ လေ့ကျင့်သင်ကြားမှုနဲ့ စစ်ရေးအသိပညာတွေအပါအဝင် စစ်ဖက် အကူအညီတွေကနေတစ်ဆင့် မြန်မာစစ်တပ်ရဲ့ ထူထောင်မှုနဲ့ ဖွဲ့စည်းမှုမှာ အင်မတန် အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်ထားခဲ့တယ်။ မြန်မာစစ်တပ်ဟာ အာဏာကို တရားမဝင် ရယူဖို့ ကြိုးပမ်းရင်း မြန်မာပြည်သူတွေအပေါ် တိုက်ခိုက်ဖို့ ရည်ရွယ်ချက်နဲ့ ဒါတွေကို အသုံးပြုထားတယ်” ဟု တရားရုံးရှေ့နေ အီတေး မက်ခ်က ပြောသည်။

“အစ္စရေး တရားရုံးချုပ်ဆီ တင်ပြတဲ့ တင်ပြတောင်းဆိုစာတစ်စောင်နဲ့ အများပြည်သူနဲ့ မီဒီယာရဲ့ အကြီးအကျယ် ဝေဖန်မှုတွေကြောင့် ၂၀၁၈ ခုနှစ်အစပိုင်းမှာ အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာနနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနဟာ မြန်မာကို အစ္စရေး စစ်ဖက် တင်ပို့မှုအားလုံး ရပ်ဆိုင်းဖို့ ဆုံးဖြတ်ခဲ့သလို အစ္စရေး စစ်ဖက်ကာကွယ်ရေးပစ္စည်းထုတ် ကုမ္ပဏီအားလုံးကလည်း အဲဒီမှာ သူတို့ရဲ့ လုပ်ဆောင်မှုတွေကို ရပ်ဆိုင်းခဲ့တယ်လို့ သိခဲ့ရတယ်။ ဒါက အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့နဲ့ ဆက်သွယ်မေးမြန်းခဲ့တဲ့ ဂျာနယ်လစ်တွေ၊ လွှတ်တော်အမတ်တွေနဲ့ အခြားလူပုဂ္ဂိုလ်တွေ ထပ်တလဲလဲ ကြားရတဲ့ ကိစ္စဖြစ်တယ်”

"ခုအချိန်မှာ အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာနနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ဟာ လိမ်ညာထားခဲ့တယ် ဆိုတာအပြင် နိုင်ငံတကာ ဥပဒေ၊ ကျင့်ဝတ်တွေထက် မြန်မာစစ်တပ်နဲ့ အကြား သူတို့ရဲ့ အကျိုးစီးပွားတွေအပေါ် နောက်တစ်ကြိမ် ဦးစားပေးခဲ့တယ်ဆိုတာကို JFM က သက်သေပြထားနိုင်ခဲ့ပါတယ်"

"အန္တရာယ်က သီအိုရီသက်သက် မဟုတ်ပါဘူး။ မြန်မာစစ်တပ်က ဒီမိုကရေစီ တက်ကြွလှုပ်ရှားသူတွေနဲ့ ဂျာနယ်လစ်တွေကို လိုက်လံထောက်လှမ်းရှာဖွေရာမှာ Cognyte ရဲ့ ကြားဖြတ် စနစ်က အကူအညီပေးနိုင်ပါတယ်။ Cognyte ရဲ့ ကြားဖြတ်ထောက်လှမ်းမှုစနစ်ရဲ့ အကူအညီကြောင့် မြန်မာနိုင်ငံမှာ တည်နေရာသိ၊ ဖမ်းဆီးခံရတဲ့ လူတစ်ဦးတစ်ယောက်တိုင်းရဲ့ ကံကြမ္မာကတော့ အဆိုးဆုံး ကြောက်မက်ဖွယ်အခြေအနေတွေနဲ့ ရင်ဆိုင်ရပါလိမ့်မယ်"

"Cognyte ဟာ မြန်မာနိုင်ငံမှာ သူ့ဘာသာ လုပ်ကိုင်ခဲ့တာ မဟုတ်ပါဘူး။ မြန်မာကို ကုမ္ပဏီရဲ့ နည်းပညာစနစ်တွေ လွှဲပြောင်းပေးဖို့အတွက် ပို့ကုန်လိုင်စင်တစ်ခု လိုပါတယ်။ မြန်မာမှာ တင်ဒါရယူမှုမှာ Cognyte ပါဝင်တာကလည်း အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာနနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ဆီက မာကက်တင်း လိုင်စင်တစ်ခု လိုပါတယ်"

"ဒါကြောင့်လည်း Cognyte အပြင် မြန်မာနိုင်ငံက သူတို့ရဲ့ လုပ်ငန်းကို ခွင့်ပြုပေးခဲ့တဲ့ အစ္စရေးတာဝန်ရှိသူအားလုံးကို ဥပဒေအတိုင်း ရုံးတင်တရားစွဲ အရေးယူသွားရပါလိမ့်မယ်"

https://www.mizzimaburmese.com/article/122444

---------------------------------------------------------------------------------------------------------

## မဲဆောက်တွင် မြန်မာနိုင်ငံသား ၂ ဦးကို စိတ်ကြွဆေးပြား ၈၀,၀၀၀ နှင့်အတူ ထိုင်းရဲဖမ်းမိ

Published By DVB | 18 January, 2023



ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့မှာ မြန်မာနိုင်ငံသား ၂ ယောက်ကို မက်သာအဖက်တမင်း (ယာဘ) စိတ်ကြွဆေး အလုံးရေ ၈၀,၀၀၀ နဲ့အတူ ဖမ်းဆီးရမိခဲ့တယ်လို့ မဲဆောက်ရဲမှူးကြီး မွန်းစပ် ကယောက်အွန်က ဇန်နဝါရီ ၁၇ ရက်မနေ့ညက သတင်းထောက်တွေကို ပြောပါတယ်။

မဲဆောက်မြို့မှာ သွားလာနေတဲ့ မြန်မာနိုင်ငံသား အသက် ၂၈ နှစ်အရွယ် မေနဲ့ အသက် ၁၈ နှစ်အရွယ် စိုးဝင်းတို့ နှစ်ဦးကို ထိုင်းကင်းလှည့်ရဲတပ်ဖွဲ့က စစ်ဆေးနေစဉ် အထောက်ထားမဲ့ဖြစ်တဲ့အတွက် ရဲစခန်းကို ခေါ်ဆောင်စစ်ဆေးခဲ့တယ်လို့ဆိုပါတယ်။

ဖမ်းဆီးခံရသူတွေရဲ့ ဖုန်းထဲက ဓာတ်ပုံတွေကို စစ်ဆေးကြည့်ရာမှာ ပုံထဲမှာ မူးယစ်ဆေးပြုပြင်ထုတ်နေတဲ့ ပုံတွေ့ရှိတဲ့အတွက် မဲဆောက်ရဲမှူးကြီး မွန်းစပ်ကယောက်အွန်က လှည့်ကင်းရဲနဲ့ မူးယစ်ရဲတွေကို သူတို့နေတဲ့အခန်းကိုသွားရောက်စစ်ဆေးခိုင်းရာမှာ အခန်းထဲကနေ  တထုပ်ကို အလုံး ၂၀၀ ပါ စိတ်ကြွဆေး ၂၈ ထုပ်ကို ရှာတွေ့တာဖြစ်ပါတယ်။



အဆိုပါ မူးယစ်ဆေးတွေဟာ မြန်မာနိုင်ငံ မြဝတီမြို့မှတဆင့် မြန်မာ-ထိုင်းချစ် ကြည်ရေးတံတားအမှတ် (၁) အနီး သဘာဂဂိတ်ကနေ သယ်ဆောင်လာပြီး မဲဆောက်အ ခန်းတစ်နေရာမှာထားရှိကာ မြန်မာပြည်သားတွေရှိတဲ့ မဲဆောက်မြို့မှာ ရောင်းချသွားဖို့ ဖြစ်တယ်လို့ အဖမ်းခံရသူက ရဲစစ်ဆေးရေးမှာ ထွက်ဆိုထားပါတယ်။

ဒီအမှုမှာ မူးယစ်ဆေးတွေကို  မေတစ်ဦးတည်းက ရောင်းတယ်လို့ထွက်ဆိုထားပြီး စိုးဝင်းကတော့ သူပါဝင်မှုမရှိကြောင်း ထွက်ဆိုထားပေမဲ့ ရဲတပ်ဖွဲ့ကတော့ စစ်ဆေးပြီး ထိုင်းနိုင်ငံတရားဥပဒေအတိုင်း အရေးယူသွားမယ်လို့ ပြောပါတယ်။

https://burmese.dvb.no/archives/574191

-----------------------------------------------------------------------------------------------------

## မူးယစ်ဆေး အမြောက်အများနဲ့ မသင်္ကာသူတွေ ထိုင်းဖမ်းဆီး

၁၈ ဇန်နဝါရီ၊ ၂၀၂၃ | အေးအေးမာ



ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး နှိမ်နင်းရေးဗျူရိုရု◌ုံ◌းချုပ်မှာ ဇန်နဝါရီလ ၁၇ ရက်၊ အ ဂါနေ့က သတင်းစာရှင်းလင်းပွဲမှာ ထိုင်းမြန်မာနယ်စပ်က တပတ်အတွင်း ဖမ်းမိတဲ့ မူးယစ်စိတ်ကြွဆေးတွေအကြောင်း သတင်းထုတ်ပြန်စဥ်။ (ဓာတ်ပုံ-ထိုင်းရဲတပ်ဖွဲ့)

ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး နှိမ်နင်းရေးဗျူရိုရုံးချုပ်မှာ မနေ့ အင်္ဂါနေ့က သတင်းစာရှင်းလင်းပွဲအတွင်း ထိုင်း-မြန်မာနယ်စပ် ချင်းရိုင်ပြည်နယ်ကနေ တောင်ပေါ် တိုင်းရင်းသား မူးယစ်မှောင်ခိုဂိုဏ်းဝင်တွေနဲ့အတူ စိတ်ကြွဆေးပြား ၁၅ သန်းကို ဇန်နဝါရီလ ၁၅ ရက်နဲ့ ၁၆ ရက်နေတွေမှာဖမ်းဆီးနိုင်ခဲ့တဲ့အကြောင်း ထိုင်းရဲချုပ်က သတင်းထုတ်ပြန်ပါတယ်။ တပတ်အတွင်းဖမ်းမိတဲ့စိတ်ကြွဆေးပြားက အလုံးရေ သန်း ၃၀ လောက်ရှိပြီး ကာလတန်ဖိုးဘတ်ငွေ သန်းပေါင်း ၂,၄၀၀ ရှိပါတယ်။ အခုလို တပတ်အတွင်းမူးယစ်ဆေးဝါးတွေနဲ့အတူ ဖမ်းမိသူတွေထဲမှာ မြန်မာနိုင်ငံသားတွေလည်းပါဝင်နေတာပါ။ ဒီသတင်းကို ဗွီအိုအေသတင်းထောက် မအေးအေးမာကသတင်းပေးပို့ထားပါတယ်၊

ထိုင်းနိုင်ငံထဲမှာ မူးယစ်ဆေးဝါးတွေ အများအပြားဖမ်းမိနေပြီး တပတ်အတွင်းမှာ စိတ်ကြွဆေးပြားအလုံးရေ သန်း ၃၀ လောက်ဖမ်းမိခဲ့တာပါ။ ဖမ်းမိသူတွေထဲမှာလည်း ထိုင်းနိုင်ငံသားတောင်ပေါ်တိုင်းရင်းသားတွေနဲ့အတူ မြန်မာနိုင်ငံသားတွေလည်းပါဝင်ပါတယ်။

ရဲချုပ် Pol. Gen. Chinnaphat Sarasin (ချီနဖတ် ဆာရစင်) က ဒီရက်ပိုင်းအတွင်း ဖမ်းမိတဲ့မူးယစ်ဆေးဝါးတွေနဲ့ပတ်သက်လို့အခုလိုပြောသွားပါတယ်။

“မူးယစ်ဆေးဝါးဂိုဏ်းက မှောင်ခိုကူးတဲ့သူတွေနဲ့အတူ မူးယစ်ဆေးဝါးတွေဟာ ထိုင်းနိုင်ငံထဲကို အလုံးအရင်းနဲ့ ဝင်ရောက်နေပါတယ်။ ဒါကို ရဲတပ်ဖွဲ့က နိုင်ငံတွင်း မဝင်ရောက်ခင်မှာ ဖမ်းဆီးနိုင်ခဲ့ပါတယ်။ အိမ်နီးနားချင်းနိုင်ငံတွေမှာ ခိုလှုံနေတဲ့ မူးယစ်ဆေးဝါးတွေကို ကြိုးကိုင်နေသူတွေကိုလည်း ကျနော်တို့

ဖော်ထုတ်မှာဖြစ်ပါတယ်။ ကျနော်တို့အနေနဲ့ မူးယစ်ကုန်ကူးနေတဲ့ကွန်ယက်တခုလုံးကို ဖမ်းဆီးအရေးယူသွားမှာဖြစ်ပါတယ်။” ဆိုပြီး ထိုင်းဘာသာနဲ့ပြောသွားတာပါ။

ထိုင်းနိုင်ငံမှာ တပတ်အတွင်း စိတ်ကြွဆေးပြား အမြောက်အများဖမ်းဆီးမိခဲ့ပြီး မူးယစ်ဆေး ရောင်းဝယ်သယ်ဆောင်မှုဖြစ်စဥ်တွေမှာ မြန်မာနိုင်ငံသားတွေ ပါဝင် တယ်လို့ထိုင်းရဲတပ်ဖွဲ့ကပြောပါတယ်။

ထိုင်းမြန်မာနယ်စပ် တာ့ခ်ပြည်နယ်ထဲကနေ အယုဒ္ဓယပြည်နယ်အထိ ဝင်ရောက်လာတဲ့ မူးယစ်ဆေးအမြောက်အများကို ဒီရက်ပိုင်းမှာပဲ နေရာ (၃) ခုမှာ ဖမ်းဆီးနိုင်ခဲ့ပြီး စိတ်ကြွဆေးပြား ၁၅ သန်းကို ဖမ်းမိတာကတော့ ထိုင်းတောင်ပေါ်တိုင်းရင်းသားလူမျိုးစု မူးယစ်ကွန်ယက်ကဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့ပါတယ်။

ဇန်နဝါရီလ ၁၆ ရက်နေ့ကလည်း ထိုင်းမြန်မာနယ်စပ် စံခဘူရီက စိုင်ယို့မြို့နယ် အတွင်းမှာ စိတ်ကြွဆေးပြားတသိန်း သယ်ဆောင်လာတဲ့ကားတစီးကို ဖမ်းမိခဲ့ရာမှာ သယ်ဆောင်လာသူက အသက် ၆၀ အရွယ် မြန်မာနိုင်ငံသူဖြစ်ပြီး ကလေးငယ်နှစ်ဦးလည်းပါဝင်နေခဲ့တာပါ။ ဖမ်းမိတဲ့မူးယစ်ဆေးတွေကို ဘုရားသုံးဆူဘက်က မြန်မာနိုင်ငံသားတဦးက ငွေပေးပြီး သယ်ဆောင်ခိုင်းတာဖြစ်ကြောင်း ကန်ချနဘူရီရဲတပ်ဖွဲ့ရဲ့ထုတ်ပြန်ချက်မှာ ဖေါ်ပြထားပါတယ်။ နောက်ထပ် မြန်မာအမျိုးသားတဦးကိုလည်း ထိုင်းမြန်မာနယ်စပ် ရနောင်းမြို့အဝေးပြေးလမ်းမမှာ မူးယစ်ဆေးဝါးတွေနဲ့အတူ ဖမ်းမိခဲ့ပါတယ်။

အခုဖမ်းမိခဲ့တဲ့ မူးယစ်ဆေးဝါးတွေအပါအဝင် တပတ်အတွင်း ဖမ်းမိတဲ့စိတ်ကြွဆေးပြားပေါင်း သန်း ၃၀ ကျော်ပြီဖြစ်ပါတယ်။ အများစုဟာ ထိုင်းမြန်မာနယ်စပ် ချင်းမိုင်နဲ့ ချင်းရိုင်ပြည်နယ်တွေက ဝင်ရောက်လာတာဖြစ်ပါတယ်ရှင်။

https://burmese.voanews.com/a/ထိုင္းျမန္မာနယ္စပ္-ခ်င္းမိုင္-ခ်င္း0ိုင္-မူးယစ္ေဆး၀ါး-မူးယစ္စိတ္ႂကြေဆး-ထိုင္းရဲတပ္ဖြဲ႔-ေရနာင္းၿမိဳ႔-/6922381.html

---------------------------------------------------------------------------